Tompkins ကောင်တီ ဥပဒေပြု အာဏာပိုင်အဖွဲ့

ပြည်နယ်အုပ်ချုပ်ရေးမှူး Daniel D. Tompkins အဆောက်အအုံ
Ithaca, NY 14850
www.tompkinscountyny.gov/legislature

ဌာန- အများပြည်သူလုံခြုံရေး ကော်မတီအဖွဲ့
အမျိုးအစား- အများပြည်သူ ဘေးကင်းလုံခြုံရေး
ID- 9998

ကျင့်သုံးသည့်
ဆုံးဖြတ်ချက် အမှတ် 2021-63

နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးအမိန့် 203 ကို တုံ့ပြန်သောအားဖြင့် တင်သွင်းမည့် Tompkins ကောင်တီ၏ အများပြည်သူ ဘေးကင်းလုံခြုံရေး ပြန်လည်ပုံဖော်မှု အစီအစဉ်အား ဖော်ပြထားသော ဆုံးဖြတ်ချက်

ပြည်နယ်အုပ်ချုပ်ရေးမှူးအား 2021 ခုနှစ်၊ ဧပြီလ 1 ရက်နေ့ နောက်ဆုံးထား၍ အကြောင်းပြန်ပေးရန် ညွှန်ကြားစာနှင့်တကွ 2020 ပြည့်နှစ်၊ ဇွန်လ 12 ရက်နေ့တွင် နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး Andrew Cuomo က ထုတ်ပြန်သည့် ရဲဘုနများကို စီမံခန့်ခွဲလျက်ရှိသော ဒေသဆိုင်ရာ အစိုးရများအား ၎င်းတို့၏လက်ရှိဆောင်ရွက်မှုများကို လေ့လာ၍ အဆိုပါရဲဘုနက တာဝန်ထမ်းဆောင်ပေးလျက်ရှိသော ဒေသများ၏ အထူးလိုအပ်ချက်များကို ကိုင်တွယ်ဖြေရှင်းပြီး ယုံကြည်မှု၊ တရားမျှတမှုနှင့် တရားဝင်ဖြစ်မှုကို အထောက်အကူပြုမည့် ဒေသအသိုင်းအဝိုင်း၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် အစီအစဉ်တစ်ခု ရေးဆွဲကာ လူမျိုးရေး ခွဲခြားဘက်လိုက်မှုနှင့် အသားအရောင်ရှိသူ အသိုင်းအဝိုင်းများအတွက် ကိုယ်စားပြုမှု အချိုးမမျှသော မူဝါဒများ ချမှတ်ခြင်းအား ကိုင်တွယ်ဖြေရှင်းရန် တောင်းဆိုထားသည့် အုပ်ချုပ်ရေး အမိန့် 203 ကို ထောက်၍လည်းကောင်း

Ithaca မြို့နှင့် Tompkins ကောင်တီတို့ တွေ့ဆုံဆွေးနွေးရာမှတစ်ဆင့် ရဲတပ်ဖွဲ့၏ ထိန်းသိမ်းကြပ်မတ်မှု လုပ်ရပ်များတွင် ထင်ရှားသော အပြုသဘောဆောင်သည့် ပြောင်းလဲမှုများ လုပ်ဆောင်ရန် အခွင့်သာသော အခိုက်အတန့်ကို မြင်ခဲ့သည်၊ ဤအကြောင်းအရာကို ပူးတွဲစုံစမ်းစစ်ဆေးခြင်းဖြင့် စီမံကိန်းအတွက် ရင်းမြစ်များ အသုံးချရန်အပြင် ကောင်တီရှိ အကြီးဆုံး ထိန်းသိမ်းကြပ်မတ်ရေး အစိုးရဌာနနှစ်ခုဖြစ်သည့် Tompkins ကောင်တီ ရဲအရာရှိများဌာနနှင့် Ithaca ရဲဌာနတို့ ပါဝင်မည့် ပူးတွဲအစီအစဉ်တွင် ကိုက်ညီသော အကြံပြုချက်များ ရရှိရန် အကောင်းဆုံး အခွင့်အရေးကို ပံ့ပိုးပေးနိုင်မည်ဟု ၎င်းတို့က ဆုံးဖြတ်ခဲ့သည်၊

2020 ခုနှစ်၊ စက်တင်ဘာလအစတွင် မြို့နှင့် ကောင်တီတို့သည် လုပ်ငန်းအဖွဲ့ ငါးခု (ခေါင်းဆောင်မှု/စီမံအုပ်ချုပ်မှု/ဘတ်ဂျက်ရေးဆွဲမှု၊ ဆက်သွယ်ပြောဆိုမှု/ရပ်ရွာဥပဒေစိုးမိုးရေး/အများပြည်သူလုံခြုံရေး၊ ဒေတာဆန်းစစ်မှုနှင့် ပညာရေး/သုတေသန) တွင် ပါဝင်ဆောင်ရွက်ရန် အကြောင်းအရာနှင့် ကျွမ်းကျင်မှု၊ စနစ်တွင်းရှိ အခန်းကဏ္ဍ၊ ဖြေရှင်းနိုင်စွမ်းနှင့် ဖြေရှင်းချက်များ အကောင်အထည်ဖော်နိုင်စွမ်းတို့အပေါ် အခြေခံ၍ လူပေါင်းလေးဆယ်နီးပါး ခန့်အပ်ခဲ့ပြီး အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်မှုဟု ခေါ်ဆိုမည့် စီမံကိန်းရှိ ဒေသဆိုင်ရာ ဥပဒေစိုးမိုးရေးအတွင်း သတ်မှတ်ထားသည့် လုပ်ဆောင်ချက်ကဏ္ဍများကို စစ်ဆေးရန်နှင့် အချက်အလက်များ စုစည်းရယူရန် လုပ်ငန်းအဖွဲ့တစ်ခုစီအား တာဝန်ပေးထားသည်၊

Ithaca မြို့နှင့် Tompkins ကောင်တီတို့သည် ရဲတပ်ဖွဲ့၏ အင်အားအသုံးပြုမှုများ၊ နည်းဗျူဟာများ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ကျင့်သုံးဆောင်ရွက်ချက်များကို စစ်ဆေးခြင်း အပါအဝင် စီမံအုပ်ချုပ်ရေးနှင့် အဖွဲ့အစည်းတို့၏ အဆိုပါ ထိန်းသိမ်းကြပ်မတ်မှု ပြဿနာများကို လေ့လာရာတွင် ကူညီပေးရန်နှင့် လုပ်ငန်းအဖွဲ့များအတွက် အချက်အလက် ရင်းမြစ်များ ပံ့ပိုးပေးရန် ရဲတပ်ဖွဲ့၏ ထိန်းသိမ်းကြပ်မတ်မှု မျှတရေး ဆန်းစစ်စင်တာ၏ အကြံပေးဝန်ဆောင်မှုများကို ခန့်အပ်ထားသည်၊

လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းသည့်အပြင် မြို့နှင့် ကောင်တီတို့သည် ရဲတပ်ဖွဲ့၏ လက်ရှိထိန်းသိမ်းကြပ်မတ်မှု အခြေအနေနှင့် ယင်းထိန်းသိမ်းကြပ်မတ်မှုနှင့် ပတ်သက်၍ လူထု၏ အမြင်ကို သိရှိရန် ရည်ရွယ်ချက်ဖြင့် Tompkins ကောင်တီ ရဲအရာရှိ၊ မြို့တော် ရဲချုပ်နှင့် ဥပဒေစိုးမိုးရေးအဖွဲ့ဝင်များနှင့် ဆွေးနွေးတိုင်ပင်ခဲ့ပြီး များစွာသော ရပ်ရွာအဖွဲ့ဝင်များထံမှ လူထုမှတ်ချက်များ အတတ်နိုင်ဆုံး ရရှိရန် မှတ်ချက်များအတွက် ဖုန်းခေါ်ဆိုခြင်း၊ ရပ်ရွာခေါင်းဆောင်များနှင့် အမေး၊ အဖြေလုပ်ခြင်း၊ စစ်တမ်းကောက်ခြင်း၊ အင်တာဗျူးမေးမြန်းခြင်း၊ အိမ်ခြေဃာမဲ့များ၊ အသားအရောင်ကွဲပြားသူများနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် ပါဝင်သူများနှင့် အဖွဲ့လိုက်ဆွေးနွေးမှုများ ပြုလုပ်ခြင်း အပါအဝင် နည်းလမ်းအမျိုးမျိုးကို အသုံးပြုကာ ထိထိရောက်ရောက် ကြိုးပမ်းခဲ့သည်၊

ပြည်နယ်အုပ်ချုပ်ရေးမှူး၏ အုပ်ချုပ်ရေးအမိန့် 203 တွင် ပါဝင်သော သတ်မှတ်ချက်များကို လိုက်နာရန်အပြင် ဤစီမံကိန်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ် ရေရှည်တိုးတက်မှုအတွက် ဒေသအဆင့် ယုံကြည်ချက်တစ်ခု ထားရှိရန်ဖြစ်ပြီး ပူးတွဲစီမံကိန်းတွင် ဖော်ပြထားသည့် အကြံပြုချက်များကို ဖော်ဆောင်ခြင်းဖြင့် လူအဖွဲ့အစည်းအား အပြုသဘောဆောင်သည့် ပြောင်းလဲမှုအတွက် လိုအပ်မည့် တစ်သမတ်တည်းဖြစ်၍ မဆုတ်မနစ်သော ကြိုးစားအားထုတ်မှု လမ်းကြောင်းပေါ် ချမှတ်ပေးမည်ဖြစ်ကြောင်း သိရှိနားလည်လျက်

2021 ခုနှစ်၊ ဖေဖော်ဝါရီလ 18 ရက် နေ့စွဲဖြင့် "အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်ခြင်း။ Ithaca မြို့နှင့် Tompkins ကောင်တီ၊ N.Y. တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကြံပြုချက်များ အစီရင်ခံစာ" ဟု ခေါင်းစဉ်တပ်ထားသော မူကြမ်းအစီရင်ခံစာတစ်ခု ပြင်ဆင်ရန် မြို့နှင့်ကောင်တီတစ်ဝှမ်းရှိ ရှင်းလင်းကိုက်ညီသော အကြံပြုချက်များ၊ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြို့နှင့် ကောင်တီ ဝန်ထမ်းများအား ထင်ဟပ်စေသည့် ပူးတွဲအစီအစဉ်တစ်ခု ဖန်တီးခြင်းဖြင့် ရရှိနိုင်သော အကျိုးခံစားခွင့်များကို သိရှိကာ ယင်းမူကြမ်းအစီရင်ခံစာတွင် လိုက်နာဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ် ဖော်ပြချက်နှင့် ပြည်နယ်အုပ်ချုပ်ရေးမှူး၏ အုပ်ချုပ်ရေးအမိန့် 203 ကို အကြောင်းပြန်ရန် အဆိုပြုထားသော မြို့တော်၊ ကောင်တီနှင့် ပူးတွဲအကြံပြုချက်များ မူကြမ်းစာရင်း ပါဝင်သည်၊

Tompkins ကောင်တီ ဥပဒေပြုအဖွဲ့သည် ယင်းအစီရင်ခံစာကို လက်ခံရရှိပြီးနောက် မြို့တော်ခန်းမများ၊ လူထုဆွေးနွေးပွဲများနှင့် လူထုကြားနာမှုများတွင် ဖြန့်ဝေခဲ့ပြီး လူထုထံမှ ရရှိသည့် အချက်အလက်များကို တုံ့ပြန်ဆောင်ရွက်ရန် မူကြမ်းအစီရင်ခံစာတွင် ပါဝင်သည့် အကြံပြုချက်များကို ထည့်သွင်းစဉ်းစားကာ ပူးတွဲအစီအစဉ်တစ်ခု ဖန်တီးခြင်းသည် အဓိပ္ပာယ်ရှိသော လုပ်ဆောင်ချက်အတွက် အခွင့်အလမ်းဖြစ်နိုင်သည်ဟု ဆုံးဖြတ်ခဲ့သည်

ထို့ပြင် ယခုအခါ မူကြမ်းအစီရင်ခံစာကို "အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်မှု။ Ithaca မြို့နှင့် Tompkins ကောင်တီ၊ N.Y. အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အကြံပြုချက်အစီရင်ခံစာ" ဟု ခေါင်းစဉ်တပ်၍ Tompkins ကောင်တီ ဥပဒေပြုအာဏာပိုင်အဖွဲ့က ပြင်ဆင်ဖြည့်စွက်၍ Ithaca မြို့တော်နှင့် ဆွေးနွေးညှိနှိုင်းခဲ့သည့်အတိုင်း လက်ခံသဘောတူခဲ့သည်။ ယင်းအစီရင်ခံစာတွင် ရဲတပ်ဖွဲ့၏ ထိန်းသိမ်းကြပ်မတ်မှု မျှတရေး ဆန်းစစ်စစ်တာရှိ အကြံပေးများ၏ ကြိုးစားအားထုတ်မှုအတွက် မြို့တော်ကောင်စီကို ကျေးဇူးတင်ကြောင်းအပြင် လုပ်ငန်းအဖွဲ့များတွင် ပါဝင်ခဲ့ကြသည့် တစ်ဦးတစ်ယောက်စီတိုင်းနှင့် Tompkins ကောင်တီရဲအရာရှိ Derek Osborne၊ Ithaca ရဲချုပ် Dennis Nayo၊ Tompkins ကောင်တီ ခရိုင်ရှေ့နေ Matthew Van Houten၊ ခန့်အပ်ထားသော တရားရုံးချုပ်ရှေ့နေ Lance Salisbury အပါအဝင် ဥပဒေစိုးမိုးရေးအဖွဲ့ဝင်များ၊ မူကြမ်းအစီရင်ခံစာ ပြင်ဆင်ရာတွင် ပံ့ပိုးကူညီခဲ့ကြသည့် မြို့တော်နှင့်ကောင်တီ ဝန်ထမ်းများအပြင် ဒေသခံများ၊ အထူးသဖြင့် အသားအရောင်ကွဲပြားသူများ၏ တန်းတူညီမျှမှုနှင့် လုံခြုံရေး အပါအဝင် အပြုသဘောင်ဆောင်သည့် အပြောင်းအလဲအတွက် ထင်မြင်ချက်များ၊ အမြင်များနှင့် အကဲဖြတ်ချက်များ ပေးခဲ့သည့် ရပ်ရွာအဖွဲ့ဝင်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပါဝင်သည်၊

ထို့ပြင် မူကြမ်းအစီရင်ခံစာတွင် ပါဝင်သည့် အကြံပြုချက်များကို အခြေပြုသုံးသပ်လျက် Tompkins ကောင်တီ ဥပဒေပြုအာဏာပိုင်အဖွဲ့သည် အောက်ပါအစီအစဉ်များကို အတည်ပြုထားပြီး ယင်းတွင် Tompkins ကောင်တီက သီးခြားဆောင်ရွက်ရန်၊ မြို့တော်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ရန်ဟူ၍ ဤတွင်ခွဲခြားဖော်ပြထားသည်-

1. ကောင်တီ- အရေးပေါ် မဟုတ်သည့် ဖုန်းခေါ်ဆိုမှုများအတွက် လမ်းညွှန်မှု ပရိုဂရမ်တစ်ခု အကောင်အထည်ဖော်ခြင်းဖြင့် အရေးပေါ် တုံ့ပြန်မှု လိုအပ်ချက်များအတွက် ရရှိနိုင်သော ရင်းမြစ်များကို ပိုမိုကောင်းမွန်စွာ ချိန်ကိုက်ခြင်း။
2. ကောင်တီ- ခရိုင်ရှေ့နေနှင့် တာဝန်ခန့်အပ်ထားသည့် အကြံပေးရုံတို့က သုံးလတစ်ကြိမ်နှင့် နှစ်စဉ် ကိန်းဂဏာန်းအချက်အလက်များကို လူထုအား ထုတ်ဖော်ပြောဆိုရန် လိုအပ်ခြင်း။

ကောင်တီ- Tompkins ကောင်တီ အများပြည်သူလုံခြုံရေး ပြန်လည်သုံးသပ်မှု ဘုတ်အဖွဲ့ ဖွဲ့စည်းမှုကို အကဲဖြတ်ခြင်း။

4. ကောင်တီ- အရေးပေါ် ကြားဝင်ဆောင်ရွက်ပေးရန်၊ ကျန်းမာရေးနှင့် ပြည်သူဝန်ဆောင်မှုများ တိုးချဲ့ပံ့ပိုးပေးရန်အတွက် ရှိပြီးသားပုံစံများကို အကဲဖြတ်သုံးသပ်ပြီး ဥပဒေစိုးမိုးရေး တုံ့ပြန်ဆောင်ရွက်မှုစနစ်အတွက် နည်းလမ်းသစ်တစ်ခု အကောင်အထည်ဖော်ခြင်း။
5. ကောင်တီ- ဒေသခံများအား ဥပဒေစိုးမိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ပေးရန်အတွက် ရပ်ရွာထိန်းသိမ်းကြပ်မတ်ရေးနှင့် ကမ်းလင့်ထောက်ကူမှု အစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖန်တီးဆောင်ရွက်ခြင်း။

ကောင်တီနှင့် မြို့- အရာရှိများ စတင်ဆောင်ရွက်ခဲ့သည့် ယာဉ်ကြောပိတ်ဆို့မှု တားဆီးရေးကို ရလဒ်များကို စုဆောင်း၍ အကဲဖြတ်ခြင်း။

7. ကောင်တီနှင့် မြို့- သင်ရိုးညွှန်တမ်းအသစ်ကို ခွဲခြားဖော်ထုတ်ပြီး ဥပဒေစိုးမိုးရေး၏ ကျယ်ပြန့်သော တုံ့ပြန်ဆောင်ရွက်မှုတွင် တင်းမာမှုဖြေရှင်းရေးနှင့် စိတ်ကျန်းမာရေး ကဏ္ဍများကို ထည့်သွင်းပေါင်းစပ်ထားသည့် ယဉ်ကျေးမှုအရ တုံ့ပြန်သည့် လေ့ကျင့်ရေးအစီအစဉ်တစ်ခု အကောင်အထည်ဖော်ခြင်း။
8. ကောင်တီနှင့် မြို့- ဒေသခံများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့များအကြား ဆက်ဆံပြောဆိုမှုဆိုင်ရာ စိတ်ဒဏ်ရာများကို ဖြေရှင်းပေးရန် လူအဖွဲ့အစည်း ပြန်လည်ကုစားရေးအစီအစဉ်တစ်ခု ကျယ်ကျယ်ပြန့်ပြန့် ဖန်တီးခြင်း။
9. ကောင်တီနှင့် မြို့- လက်တွေ့လှုပ်ရှားဆောင်ရွက်နိုင်သော အသေးစိတ်အချက်များနှင့် အများပြည်သူ လုံခြုံရေး ရင်းမြစ်များ ခွဲဝေသတ်မှတ်မှုကို ပိုမိုသိရှိရန် ဒေတာထည့်သွင်းမှုကို စံသတ်မှတ်ပြီး ရှိပြီးသားဒေတာများကို ပြန်လည်သုံးသပ်ခြင်း။
10. ကောင်တီနှင့် မြို့- အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သည့် အများပြည်သူလုံခြုံရေး ရပ်ရွာအဖွဲ့တစ်ခု ဖွဲ့စည်းခြင်း။
11. ကောင်တီနှင့် မြို့- ဥပဒေစိုးမိုးရေးနှင့် ထိန်းသိမ်းကြပ်မတ်ရေး အရာရှိများအတွက် ကျယ်ပြန့်၍ တန်းတူညီမျှပါဝင်နိုင်သည့် ဆန်းသစ်သော ဝန်ထမ်းသစ်ခန့်အပ်ရေးနှင့် ထိန်းသိမ်းရေး နည်းဗျူဟာကို ရေးဆွဲဖန်တီးခြင်း။
12. ကောင်တီနှင့် မြို့- အရာရှိအားလုံး၏ ကျန်းမာရေးကို မြှင့်တင်ပံ့ပိုးပေးရန် ကောင်တီတစ်ခုလုံး ပါဝင်သည့် အစီအစဉ်တစ်ခု ရေးဆွဲခြင်း။
13. ကောင်တီနှင့် မြို့- Tompkins ကောင်တီတွင် တာဝန်ထမ်းဆောင်နေသည့် နယူးယောက်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များထံမှ အဆက်မပြတ် တုံ့ပြန်မှုရှိသော ပူးပေါင်းဆောင်ရွက်မှုကို ရယူခြင်း။
14. ကောင်တီနှင့် မြို့- ဝန်ဆောင်မှုနှင့် ကိရိယာများကို သင့်လျော်စွာ အသုံးပြုမှုရှိ၊ မရှိ ဆုံးဖြတ်ရန် SWAT အရေးပေါ်ကိစ္စ ခေါ်ဆိုမှုများကို ပြန်လည်သုံးသပ်ခြင်း။
15. ကောင်တီနှင့် မြို့- ဥပဒေစိုးမိုးရေး ဝန်ထမ်းများကို အမျိုးအစားခွဲရန်အတွက် ပြည်သူ့ဝန်ထမ်း စာမေးပွဲလုပ်ငန်းစဉ်ကို ပြန်လည်စိစစ်ခြင်း။
16. ကောင်တီနှင့် မြို့- ဥပဒေစိုးမိုးရေး ဝန်ထမ်းရေးရာဌာနတွင် သတ်မှတ်ချက်ပြည့်မီသော လျှောက်ထားသူများအား "စဉ်ဆက်မပြတ် ခန့်အပ်မှု" အတွက် ဒေသဆိုင်ရာ အရပ်ဘက်ဝန်ဆောင်မှု အာဏာပိုင်များအား သတ်မှတ်ပြဋ္ဌာန်းခွင့်အာဏာပေးရန် နယူးယောက်ပြည်နယ်ကို ထောက်ခံအားပေးခြင်း။
17. ကောင်တီနှင့် မြို့- အရပ်ဘက်ဝန်ဆောင်မှု ဥပဒေအပိုင်း 75 အရ ဥပဒေစိုးမိုးရေး ဝန်ထမ်းရေးရာဌာနအတွက် စည်းကမ်းထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲရန်အတွက် ပြည်နယ်အုပ်ချုပ်ရေးမှူး Cuomo နှင့်/သို့မဟုတ် နယူးယောက်ပြည်နယ် ဥပဒေပြု အာဏာပိုင်အဖွဲ့ကို တိုက်တွန်းနှိုးဆော်ခြင်း။

အစီအစဉ်တွင် ပါဝင်သည့် အဆိုပါ အကြံပြုချက်များအပြင်

Ithaca မြို့တော်သည် SWAT/CINT ယာဉ်များကို မြို့တော်ပိုင်ပစ္စည်းအဖြစ် ထိန်းသိမ်းခြင်းမပြုရန် ဆုံးဖြတ်ထားပါက ကောင်တီအနေဖြင့် ၎င်းကို မိုဘိုင်းဆက်သွယ်ရေးစင်တာအဖြစ် ထိန်းသိမ်းထားခြင်း၏ အသုံးဝင်ပုံကို ကိုယ်ပိုင်ဆန်းစစ်လေ့လာမှု လုပ်ဆောင်ရမည်ဖြစ်သည်၊

ထို့ပြင် မူကြမ်းအစီရင်ခံစာတွင် ပါဝင်သည့် အကြံပြုချက်များ အကောင်အထည်ဖော်မှုဆိုင်ရာ အခန်းကဏ္ဍတိုင်းတွင် ရပ်ရွာအဖွဲ့အစည်းအား တိုက်ရိုက်ပါဝင်ဆောင်ရွက်နိုင်စေရန် ကျယ်ပြန့်သော အစီအစဉ်ကို ဖန်တီးရမည်ဖြစ်ပြီး၊

ဥပဒေပြုအာဏာပိုင်အဖွဲ့၏ ကိုယ်စား အထက်ဖော်ပြပါ အစီအစဉ်ကို အုပ်ချုပ်ရေးအမိန့် 203 ၏ သတ်မှတ်ချက်များနှင့်အညီ နယူးယောက်ပြည်နယ် ဘတ်ဂျက်ဒါရိုက်တာ၊ Robert Mujica ထံ ပေးပို့ရန်နှင့် Tompkins ကောင်တီသည် သတ်မှတ်ထားသော လုပ်ငန်းစဉ်နှင့်အညီ လိုက်နာဆောင်ရွက်ကြောင်း ပြည်နယ်ဘတ်ဂျက်ဒါရိုက်တာထံ အတည်ပြုဖော်ပြပေးရန် ကောင်တီအုပ်ချုပ်ရေးမှူးအား ညွှန်ကြားထားသည်၊

ထို့ပြင် ဥပဒေပြုအာဏာပိုင်အဖွဲ့သည် အစီအစဉ်ကို စနစ်တကျ ထုတ်ဖော်ပြသရန်၊ ဦးစားပေး ဘတ်ဂျက်အသုံးပြုမှုကို ဆုံးဖြတ်ရန်အပြင် ဤအကြံပြုချက်များကို အကောင်အထည်ဖော်ရန်အတွက် မြို့တော်ဝန်ထမ်းများ၊ ပြည်သူလူထုတို့နှင့်အတူ လုပ်ဆောင်ရန် နောက်ထပ်အဆင့်များကို ဆုံးဖြတ်ထားရမည်ဖြစ်ပြီး Ithaca မြို့တော်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လာလျှင်လည်း ထိုကဲ့သို့ လုပ်ဆောင်ရပေမည်၊

ထို့ပြင် ဤဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကို ပြည်နယ်အုပ်ချုပ်ရေးမှူး Andrew Cuomo၊ ဥပဒေပြု အထက်လွှတ်တော်အမတ် Patricia Helming၊ Thomas O'Mara နှင့် Peter Oberacker အပြင် လွှတ်တော်အဖွဲ့ဝင်အမျိုးသမီး Anna Kelles တို့ထံ ပေးပို့ရမည်။
SEQR လုပ်ဆောင်ချက်– အမျိုးအစား II–26

ရလဒ်–	**လက်ခံသဘောတူပြီး [11 မှ 2 အထိ]**
အဆိုတင်သွင်းသူ–	Rich John၊ အဖွဲ့ဝင်
အဆိုပြုချက်ကို ထောက်ခံသူ–	Shawna Black၊ ဒုဥက္ကဋ္ဌ
ထောက်ခံသူများ–	Black၊ Champion၊ Dawson၊ Granison၊ John၊ Klein၊ Koreman၊ Lane၊ McBean-Clairborne၊ McKenna၊ Robertson
ငြင်းဆိုသူများ–	Glenn Morey၊ Michael Sigler

နယူးယောက်ပြည်နယ်)
) ss–
TOMPKINS ကောင်တီ)

အထက်တွင် ဖော်ပြခဲ့သည်မှာ 2021 ခုနှစ်၊ မတ်လ 30 ရက်နေ့တွင် Tompkins ကောင်တီ ဥပဒေပြုအာဏာပိုင်အဖွဲ့က သဘောတူညီခဲ့သည့် တိကျမှန်ကန်သော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဤတွင် ကျွန်ုပ်အတည်ပြုပါသည်။

သက်သေအဖြစ် 2021 ခုနှစ်၊ မတ်လ 31 ရက်နေ့ ရက်စွဲဖြင့် ဤ Ithaca၊ နယူးယောက်ရှိ ဥပဒေပြုအာဏာပိုင်အဖွဲ့၏ ချိပ်တံဆိပ်ကို ကျွန်ုပ်လက်ဖြင့် ဤပေါ်တွင် ရိုက်နှိပ်ထားပါသည်။

Catherine Covert ၊ စာရေး
Tompkins ကောင်တီ ဥပဒေပြု အာဏာပိုင်အဖွဲ့

နောက်ဆက်တွဲ B

နယူးယောက်ပြည်နယ် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးနှင့် အသစ်ဖန်တီးရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် အသိအမှတ်ပြုပုံစံ

ညွှန်ကြားချက်များ– ဒေသခံ အစိုးရတစ်ခုစီ၏ အမှုဆောင်အရာရှိချုပ်များအနေဖြင့် ဤအသိအမှတ်ပြုပုံစံကို ဖြည့်စွက်၍ အသိအမှတ်ပြုပုံစံနှင့်အတူ ၎င်းတို့၏ အစီအစဉ်မိတ္တူတစ်စောင်ကို 2021 ခုနှစ်၊ ဧပြီလ 1 ရက်တွင်ဖြစ်စေ၊ ယင်းရက်မတိုင်မီဖြစ်စေ EO203Certification@budget.ny.gov မှတစ်ဆင့် နယူးယောက်ပြည်နယ် ဘတ်ဂျက်ဌာနခွဲ၏ ဒါရိုက်တာထံသို့ ပေးပို့ရမည်ဖြစ်သည်။

2020 ခုနှစ်၊ ဇွန်လ 12 ရက်နေ့တွင် ပြည်နယ်အုပ်ချုပ်ရေးမှူး Andrew M. Cuomo က ထုတ်ပြန်ခဲ့သည့် အုပ်ချုပ်ရေးအမိန့်စာအမှတ် 203 နှင့်အညီ အောက်ပါတို့ကိုဆောင်ရွက်ခဲ့ကြောင်း Tompkins ကောင်တီ ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ကျွန်ုပ်၊ Jason Molino က ဤနေရာတွင် အတည်ပြုပါသည်–

☐ ဒေသခံ အစိုးရသည် လက်ရှိရဲတပ်ဖွဲ့၏ အင်အားအသုံးပြုမှု၊ နည်းဗျူဟာများ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးဆောင်ရွက်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်ခဲ့သည်၊

☐ ဒေသခံ အစိုးရသည် အဆိုပါ အင်အားအသုံးပြုမှု၊ နည်းဗျူဟာများ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးဆောင်ရွက်ချက်များကို တိုးမြှင့်ရန်အတွက် အစီအစဉ်တစ်ခု ("အစီအစဉ်") ရေးဆွဲဖန်တီးပြီး ဤနေရာတွင် ပူးတွဲထည့်ပေးထားသည်၊


☐ ဒေသခံ အစိုးရသည် အစီအစဉ်နှင့် စပ်လျဉ်း၍ (ဒေသခံရဲတပ်ဖွဲ့ရှိ အဖွဲ့ဝင်များနှင့် ခေါင်းဆောင်ပိုင်းများ၊ ရပ်ရွာအဖွဲ့ဝင်များနှင့်အတူ ရဲတပ်ဖွဲ့နှင့် ပြည်သူလူထု၏ ဆက်သွယ်ပြောဆိုမှု ကဏ္ဍများစွာကို အလေးထားကာ၊ စိတ်ပါဝင်စားသည့် အကျိုးအမြတ်မယူ၍ ယုံကြည်မှုကို အခြေခံသော လူမှုအဖွဲ့အစည်းများ၊ ခရိုင်ရှေ့နေ၏ ဒေသန္တရရုံး၊ ဒေသခံပြည်သူလူထု ကာကွယ်ရေးနှင့် ဒေသဆိုင်ရာ ရွေးကောက်ထားသော အရာရှိများ အပါအဝင်) ရှယ်ယာရှင်များနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ခဲ့သည်၊

☐ ဒေသခံ အစိုးရသည် လူထုထံမှ ထင်မြင်ချက်ရရှိရန် မြို့ခံပြည်သူများအားလုံးအား အစီအစဉ် မူကြမ်းပုံစံကို ပံ့ပိုးပေးခဲ့ပြီး ဥပဒေပြုအာဏာပိုင်အဖွဲ့က အစီအစဉ်ကို သဘောတူလက်ခံခြင်းမပြုမီ တင်ပြထားသော မှတ်ချက်များကို ထည့်သွင်းစဉ်းစားခဲ့သည်၊

☐ ဒေသခံ အစိုးရ၏ ဥပဒေပြုအာဏာပိုင်အဖွဲ့သည် ဒေသဆိုင်ရာ ဥပဒေ သို့မဟုတ် ဆုံးဖြတ်ချက်အရ အစီအစဉ်ကို အတည်ပြုခဲ့သည် သို့မဟုတ် လက်ခံသဘောတူခဲ့သည်။

Jason Molino

အမည်



လက်မှတ်

ကောင်တီ အုပ်ချုပ်ရေးမှူး

ရာထူး

2021 ခုနှစ်၊ ဧပြီလ 1 ရက်

ရက်စွဲ

အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့

Tompkins ကောင်တီနှင့် Ithaca မြို့တော်၊ N.Y.

သောကြာ, စက်တင်ဘာ 10, 2021

ဂုဏ်သရေရှိ လူကြီးမင်း Andrew M. Cuomo
နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး
NYS ပြည်နယ် မြို့တော်ခန်းမ
Albany၊ NY 12224

လေးစားအပ်ပါသော Governor Cuomo–

အုပ်ချုပ်ရေးအမိန့်စာအမှတ် 203– နယူးယောက်ပြည်နယ် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေးနှင့် အသစ်ဖန်တီးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပြန်ကြားရန်အတွက် ယနေ့တွင် ကျွန်ုပ်တို့၏ သက်ဆိုင်ရာ ရွေးကောက်တင်မြှောက်ထားသည့် အဖွဲ့များက အတည်ပြုထားသော ဆုံးဖြတ်ချက်များကို Tompkins ကောင်တီနှင့် Ithaca မြို့တော်တို့က တင်သွင်းခြင်းဖြစ်ပါသည်။ ဆုံးဖြတ်ချက်များနှင့်အတူ ကျွန်ုပ်တို့၏ *အများပြည်သူလုံခြုံရေး၊ ပြန်လည်ဖော်ဆောင်မှု* ခေါင်းစဉ်တပ်ထားသည့် ပူးတွဲအစီရင်ခံစာကို တင်သွင်းသွားမည်ဖြစ်ပြီး ၎င်းတွင် ကျွန်ုပ်တို့၏ မြို့တော်စည်ပင်သာယာရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုကို ဖော်ပြထားပါသည်။

E.O. 203 တွင် လူမည်းများနှင့် အသားညိုသူ လူအုပ်စုများ ခံစားတွေ့ကြုံရသည်များကို အဓိကထားဖော်ပြပေးသည့်အတွက် အုပ်ချုပ်ရေးမှူးနှင့် နယူးယောက်ပြည်နယ်အား ကျွန်ုပ်တို့ထပ်လောင်းကျေးဇူးတင်လိုပါသည်။ ကျွန်ုပ်တို့၏ ပြန်လည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်တစ်လျှောက်တွင် ကျွန်ုပ်တို့၏ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် အဖယ်ကျဉ်ခံ လူအုပ်စုများနှင့် လူနည်းစု အဖွဲ့အစည်းများ၏ ဖွင့်ဟပြောဆိုမှုများကို တင်ပြရန် မမောနိုင်မပန်းနိုင် ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့သည် လုပ်ငန်းတွင် အပြည့်အဝ ပံ့ပိုးကူညီပေးရုံသာမက ဤလုပ်ငန်းစဉ်အတွက် ပြဋ္ဌာန်းထားသည့် ညွှန်ကြားချက်အမိန့်ကို ထောက်ခံပေးခဲ့သည်။ ထိုလူအုပ်စုများ၏ အတွေ့အကြုံကို အဓိကထားဖော်ပြ၍ ၎င်းတို့၏ ဖွင့်ဟပြောဆိုမှုများကို တင်ပြခြင်းကြောင့် ကျွန်ုပ်တို့၏ အစီရင်ခံစာနှင့် အစီအစဉ်များသည် ပိုမိုခိုင်မာ၍ ထိရောက်မှုရှိပြီး ပိုမိုအဓိပ္ပာယ်ရှိသော ပြောင်းလဲမှုတစ်ခုသို့ ဦးတည်သွားမည်ဖြစ်သည်။

အတည်ပြုထားသည့် ဆုံးဖြတ်ချက်များကို ပံ့ပိုးပေးသော အစီအစဉ်များမှာ ရဲရင့်၍ စနစ်ကျသော ပြောင်းလဲမှုများဖြစ်ပြီး E.O. 203 တွင် ဖော်ပြထားသည့် အဓိကရည်ရွယ်ချက်တစ်ခုစီကို ပုံဖော်ပေးသည်။ ကျွန်ုပ်တို့၏ အစီအစဉ်များတွင် သမားရိုးကျမဟုတ်သော တုံ့ပြန်မှု ပုံစံများ၊ လေ့ကျင့်ရေးနှင့် ဝန်ထမ်းသစ်ခန့်အပ်မှု ပြုပြင်ပြောင်းလဲရေး၊ ကျွမ်းကျင်သူ၏ ဒေတာခွဲခြမ်းစိတ်ဖြာမှု၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေစိုးမိုးရေးအဖွဲ့နှင့် ပြည်သူလုထုအကြား ဆက်ဆံရေးကို ပြန်လည်ကုစားခြင်းတို့ ပါဝင်သည်။ ကျွန်ုပ်တို့၏ အစီအစဉ်တွင် အဓိပ္ပာယ်ရှိသည့် ပြည်နယ်အဆင့် ပြုပြင်ပြောင်းလဲမှုများကို ထောက်ခံအားပေးခြင်းလည်း ပါဝင်သည်။ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အရပ်ဘက်ဝန်ဆောင်မှုများသည် ဥပဒေစိုးမိုးရေး အရာရှိများ၏ ဝန်ထမ်းသစ်ခန့်အပ်မှုနှင့် တာဝန်ခံမှုတို့နှင့် အထူးသဖြင့် ဆက်စပ်နေသောကြောင့် ၎င်းတို့ကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရမည်ဟု ရှင်းလင်းပြတ်သားစွာ ကျွန်ုပ်တို့ ကြားသိခဲ့သည်။ အထူးသဖြင့် နိုင်ငံဝန်ထမ်းစာမေးပွဲ ဖြေဆိုသူများကိုသာ လက်ရှိအလုပ်ခန့်ထားမည်ဟူသော ကန့်သတ်ချက်များသည် မြို့တော်စည်ပင်သာယာရေးအဖွဲ့များအား ကျွန်ုပ်တို့၏ လူအဖွဲ့အစည်းအတွက် အကောင်းဆုံးလျှောက်ထားသူများကို ခန့်အပ်ရန် အပြင်းအထန် တားမြစ်ထားသည့်အပြင် လူမည်းနှင့်အသားညိုသူ လူအုပ်စုများအတွက် အားနည်းချက်ဖြစ်စေသည်။ ကျွန်ုပ်တို့၏ ပူးတွဲအစီရင်ခံစာတွင် ဖော်ပြထားသော ဤအပြောင်းအလဲများအား သက်ရောက်မှုရှိစေရန်အတွက် ကြိုးပမ်းအားထုတ်ရန် အုပ်ချုပ်ရေးမှူးနှင့် အခြားဥပဒေပြဋ္ဌာန်းသူများကို ကျွန်ုပ်တို့တောင်းဆိုထားပါသည်။

ဤအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် စဉ်ဆက်မပြတ် သိသာထင်ရှားသည့် ကြိုးပမ်းအားထုတ်မှုများနှင့် ရင်းမြစ်များ လိုအပ်မည်ဖြစ်သည် – ကျွန်ုပ်တို့အနေဖြင့် အားစိုက်၍ လုပ်ငန်း လုပ်ဆောင်ရန် အသင့်ရှိပြီး ယင်းတို့ကို ထိထိရောက်ရောက်နှင့် ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်ရန် ငွေကြေးအရင်းအနှီးများ လိုအပ်မည်ဖြစ်ကြောင်း တစ်ပြိုင်နက် သိရှိနားလည်ပါသည်။ E.O. 203 ကို တုံ့ပြန်သည့်အနေနှင့် တင်ပြထားသော ဤစီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့် ရေရှည်အောင်မြင်ရေးကို ပံ့ပိုးပေးရန် အထူးသတ်မှတ်ထားသော မြို့တော်စည်ပင်သာယာရေးအဖွဲ့ ရင်းမြစ်များကို ထောက်ပံ့ပေးရန် နယူးယောက်ပြည်နယ်အား ကျွန်ုပ်တို့ တိုက်တွန်းပါသည်။

အထူးသဖြင့် အသားအရောင် ကွဲပြားသော ခေါင်းဆောင်များ အပါအဝင် ကျွန်ုပ်တို့၏ လူအဖွဲ့အစည်းတစ်ခုလုံးသည် ဤပူးပေါင်းအစီရင်ခံစာအား ဖြစ်မြောက်လာစေရန် ထူးခြားသော နည်းလမ်းများဖြင့် အရှိန်မြှင့်တင်လိုကြောင်း ကျွန်ုပ်တို့မီးမောင်းထိုး အသိအမှတ်ပြုလိုပါသည်။ Ithaca နှင့်

အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့

Tompkins ကောင်တီနှင့် Ithaca မြို့တော်၊ N.Y.

Tompkins ကောင်တီရှိ ဒေသခံများသည် လူမည်းနှင့် အသားညိုသူ လူအုပ်စုများထံမှ အဓိပ္ပာယ်ရှိသော ပူးပေါင်းပါဝင်မှုကို အားပေးတိုက်တွန်းရန် ၎င်းတို့၏ ကိုယ်ပိုင်အသိအမှတ်ပြုမှုကို အတိအလင်းပြောဆိုပြီး အများစုက "ကျွန်တော်တို့ အရင်က ဒါမျိုးလုပ်ခဲ့ဖူးပေမဲ့ ဘာပြောင်းလဲမှုမှ ရှိမလာဘူး" ဟု ထပ်လောင်းပြောဆိုခဲ့သည်။ ဤအစီအစဉ်များသည် ကွဲပြားခြားနားသော အရာတစ်ခုဖြစ်သည့် စစ်မှန်၍ ရေရှည်တည်မြဲသော အပြောင်းအလဲအတွက် ကာလတို အခိုက်အတန့်တစ်ခုကို ကိုယ်စားပြုကြောင်း ကျွန်ုပ်တို့ခံစားရသည် – ကျွန်ုပ်တို့လူအဖွဲ့အစည်း၏ လုပ်ဆောင်ချက်များနှင့် ၎င်းတို့၏ သံသယများကြားမှ ဝေမျှပေးခဲ့သည့် ထင်မြင်ချက်များကို လေးစားရန် ကျွန်ုပ်တို့အစွမ်းကုန် ဆောင်ရွက်ရပါမည်။ ဤအရာသည် တန်းတူညီမျှမှုနှင့် တရားမျှတမှုဆီသို့ ဦးတည်နေသည့် ရှည်လျားသော လှေကားထစ်တစ်ခု၏ ပထမခြေလှမ်းတစ်ခုဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိနားလည်ပြီး နယူးယောက်ပြည်နယ်အနေဖြင့် Tompkins ကောင်တီနှင့် Ithaca မြို့တော်တို့နှင့်အတူ ဤလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရန် ကတိကဝတ်ကို ဆက်လက်စောင့်ထိန်းလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။

ပူးပေါင်းဆောင်ရွက်သူများ၊

Jason Molino
Tompkins ကောင်တီ အုပ်ချုပ်ရေးမှူး

Svante Myrick
Ithaca မြို့တော်ဝန်



အများပြည်သူလုံခြုံရေး၊ ပြန်လည်ဖော်ဆောင်မှု။

Ithaca မြို့နှင့် Tompkins ကောင်တီ၊ N.Y. တို့၏ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့

အသိအမှတ်ပြုမှုများ

ဒေသခံတိုင်းရင်းသား နယ်မြေ

Ithaca နှင့် Tompkins ကောင်တီတို့သည် Gayogo̱hó:nǫ̀' (Cayuga လူမျိုးစု) ၏ ရိုးရာဓာတ်မြေ့တွင် တည်ရှိကြောင်း အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့က အသိအမှတ်ပြုထားသည်။ Gayogo̱hó:nǫ̀' ဆိုသည်မှာ ဤနယ်မြေတွင် လက်ရှိနေထိုင်နေသည့် Haudenosaunee (အချုပ်အခြာအာဏာရ မဟာမိတ်အဖွဲ့ဝင်နိုင်ငံများ) ၏ အဖွဲ့ဝင်များဖြစ်သည်။ Gayogo̱hó:nǫ̀' သည် Ithaca မြို့၊ Tompkins ကောင်တီ၊ နယူးယောက်ပြည်နယ်နှင့် အမေရိကန်ပြည်ထောင်စုတို့ဖွဲ့စည်းမှုထက် ပို၍ရှေးကျသည်။ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ သည် Gayogo̱hó:nǫ̀' များ၏ နယ်မြေ လက်လွတ်ဆုံးရှုံးခဲ့မှုကို နားလည်ပြီး ဆက်လက်တည်ရှိနေသည့် ဒေသခံ Gayogo̱hó:nǫ̀' လူမျိုးနှင့် ယဉ်ကျေးမှုကို လေးစားသည်။

လူမည်းအမေရိကန်များအား ရဲအရာရှိများ၏ အကြမ်းဖက်မှု

ကျွန်ုပ်တို့၏ နိုင်ငံသမိုင်းတွင် လူမည်းအမေရိကန်များအား ရဲအရာရှိများ၏ အကြမ်းဖက်မှုသည် နိုင်ငံသားတိုင်းအတွက် လွတ်လပ်ခွင့်နှင့် တရားမျှတမှုသော ဒီမိုကရေစီ ကတိပြုချက်ကို ယိုင်လဲစေခဲ့သည်။ တန်းတူညီမျှ တရားမျှတမှု ကတိပြုချက်တွင် လူမည်းများကို ဖယ်ကျဉ်ထားခြင်းကြောင့် လူအဖွဲ့အစည်းတွင်း ဖွဲ့စည်းပုံဆိုင်ရာ လူမျိုးရေးခွဲခြားမှုနှင့် ဖိနှိပ်ချုပ်ချယ်မှု စနစ်များ ပေါ် ပေါက်လာခဲ့သည်။ ကျွန်ုပ်တို့၏ လူအဖွဲ့အစည်းတွင်လည်း ဤပြဿနာများ ရှိနေပြီး ကျွန်ုပ်တို့၏ အများပြည်သူလုံခြုံရေး ဖွဲ့စည်းမှုစနစ်များတွင် ယင်းပြဿနာများကို မြင်လာရသည်။ ဤကတိပြုချက်ကို ချိုးဖောက်၍ ဖြည့်ဆည်းဆောင်ရွက်ခြင်းမရှိသည့် ရလဒ်အနေဖြင့် အဖယ်ကျဉ်ခံလူအုပ်စုများ၊ အထူးသဖြင့် လူမည်းများသည် အစိုးရစနစ်များ၊ အတိအကျဆိုရသော် အများပြည်သူလုံခြုံရေးဆိုင်ရာ ဥပဒေစိုးမိုးရေးအဖွဲ့များကို ယုံကြည်မှုကင်းမဲ့လာကြသည်။ ကျွန်ုပ်တို့၏ လူအဖွဲ့အစည်းတွင် ဤကတိပြုချက်ကို အသစ်ပြန်လည်ရေးဆွဲဖော်ပြရန်မှာ ကျွန်ုပ်တို့၏မျက်မှောက် တာဝန်ဝတ္တရားဖြစ်သည်။

အုပ်ချုပ်ရေးအမိန့် 203

အမျိုးသားရေး အဖြစ်ဆိုးများနှင့် ဖြေရှင်းမရသော ဒေသဆိုင်ရာ ပြဿနာများကြောင့် အများပြည်သူလုံခြုံရေး ဖွဲ့စည်းမှုစနစ်များထဲမှ မမျှတသော ဆက်ဆံမှုများကို တွေ့ကြုံခံစားခဲ့ရသည့် အဖယ်ကျဉ်ခံ လူအုပ်စုများ၏ အတိတ်ဖြစ်ရပ်များကို စစ်ဆေး၍ စေ့စပ်ညှိနှိုင်းရန် အတွက် ပြည်နယ်ပြဋ္ဌာန်းချက်တစ်ခု ဖန်တီးရန် နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး Andrew Cuomo က အုပ်ချုပ်ရေးအမိန့် 203 ကို ထုတ်ပြန်ခဲ့သည်။ အသားအရောင်မတူသည့် လူများအတွက် ဤဆိုးဝါးသော အဖြစ်ဆိုးများသည် ၎င်းတို့ နေထိုင်ခဲ့သည့် ဘဝများ။ ဒေသဆိုင်ရာ ဥပဒေစိုးမိုးရေးအဖွဲ့များထဲမှ ဆက်ဆံပြောဆိုမှုများကို အမှတ်ရနေစေပြီး ထိုမှတစ်ဆင့် လူသားချင်းစာနာစိတ် ကင်းမဲ့လာမှု၊ ဖွဲ့စည်းပုံစနစ်များနှင့် အစိုးရကို အယုံအကြည်ကင်းမှုတို့ ဖြစ်ပေါ် လာစေသည်။ Tompkins ကောင်တီနှင့် Ithaca မြို့ရှိ ဒေသခံနေထိုင်သူများအားလုံး၊ အထူးသဖြင့် အဖယ်ကျဉ်ခံလူအုပ်စုများသည် လူအဖွဲ့အစည်းတွင်း လိုအပ်ချက်များကို ဖြေရှင်းပေနိုင်သည့် တန်းတူညီမျှ၍ ဘက်လိုက်မှုမရှိသော၊ ယဉ်ကျေးမှုအရ တို့ပြန်ဆောင်ရွက်သော ဝန်ဆောင်မှုများနှင့် ထိုက်တန်သည်။ ဤအစီရင်ခံစာတွင် အဖယ်ကျဉ်ခံ လူအုပ်စုများ၊ အထူးသဖြင့် လူမည်းများ၏ မဲပေးပိုင်ခွင့်ရပ်သိမ်းခြင်း၊ အစိုးရကို ပြန်လည်ယုံကြည်လာစေရန် ကနဦးခြေလှမ်းအဖြစ် အဖယ်ကျဉ်ခံ လူအုပ်စုအားလုံး၏ လူနေမှုဘဝကို တိုးတက်လာစေရန် အများပြည်သူလုံခြုံရေး စတင်တိုးမြှင့်မှု ကြိုးပမ်းချက်များကို ဖော်ပြထားသည်။

အများပြည်သူလုံခြုံရေးတွင် တာဝန်ထမ်းဆောင်နေသည့် ကျွမ်းကျင်သူများအနေဖြင့် အဖယ်ကျဉ်ခံ လူအုပ်စုများနှင့် လူအဖွဲ့အစည်းတစ်ခုလုံး၏ နေ့စဉ်ယုံကြည်မှုကို ရရှိရန်မှာ မစ်ရှင်ထိရောက်မှုအပြင် ပို၍လေးနက်သည့် အဓိပ္ပာယ်အဖြစ် ကျွန်ုပ်တို့၏ အများပြည်သူလုံခြုံရေး ကတိပြုချက်၏ တရားဝင်ဖြစ်မှုတို့အတွက် အလွန်အရေးပါကြောင်း ခံယူထားသင့်သည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ အများပြည်သူလုံခြုံရေး ဖွဲ့စည်းမှုစနစ်တွင် ပါဝင်သော ရဲဌာနများအနေဖြင့် ရဲအရာရှိများနှင့် ၎င်းတို့ ကာကွယ်ပေးရန် တာဝန်ရှိသော လူအဖွဲ့စည်းများအကြား ယုံကြည်မှုတည်ဆောက်ရန်မှာ အရေးကြီးသည်။ ထို့ကြောင့် ဤအစီရင်ခံစာ၏ အဓိကတွေ့ရှိချက်မှာ ပို၍ တန်းတူညီမျှရှိပြီး ဘက်မလိုက်သော၊ ယဉ်ကျေးမှုအရ တုံ့ပြန်ဆောင်ရွက်သော ဝန်ဆောင်မှုများကို ဦးတည်ဖော်ဆောင်ရန်ဟူသော သန္ဓိဌာန်ဖြင့် ဥပဒေစိုးမိုးရေးနှင့် လူအဖွဲ့အစည်းအကြား ယုံကြည်မှုတည်ဆောက်ကာ ယင်းတို့အတွက် အကျိုးခံစားခွင့်များစွာရရှိစေခြင်းဖြစ်သည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော အကြံပြုချက်များအားလုံးသည် ယင်းအခြေခံအဆိုပြုချက်မှ ပေါ် ပေါက်လာခြင်းဖြစ်သည်။

Ithaca မြို့နှင့် Tompkins ကောင်တီတွင် အများဆန္ဒအရ ပြောင်းလဲမှုလိုအပ်ကြောင်း ရှင်းလင်းစွာ လက်ခံသဘောတူထားသည့်အတွက် ကျွန်ုပ်တို့ကံကောင်းပါသည်။ ထို့ပြင် ပြည်နယ်အုပ်ချုပ်ရေးမှူး၏ အုပ်ချုပ်ရေးအမိန့်မထုတ်ပြန်မီ ကောင်တီနှင့်မြို့ရှိ အများပြည်သူလုံခြုံရေး အစိုးရဌာနများသည် ပြောင်းလဲမှုအတွက် ပဏာမခြေလှမ်းများ စတင်ထားကြောင်း အသိအမှတ်ပြုရန် အရေးကြီးသည်။ ဤအစီရင်ခံစာတွင် စာနာထောက်ထားမှုနှင့် မဆုတ်မနစ်ကြိုးပမ်းမှုတို့ လိုအပ်သည့် ရှည်လျားသောခရီးလမ်းတွင် ကျွန်ုပ်တို့ဆက်လက် လုပ်ဆောင်မည့် နောက်ထပ်ခြေလှမ်းများကို ဖော်ပြထားသည်။ ထို့အတွက် လုပ်ဆောင်စရာများစွာရှိသည်။ လူအဖွဲ့အစည်းတစ်ခုအဖြစ် ကျွန်ုပ်တို့ဆက်လက်ဖော်ဆောင်နေသည့် အဓိပ္ပာယ်ပြည့်ဝသည့် ဤအများပြည်သူလုံခြုံရေး ကတိပြုချက်ကို နားလည်လာစေရန် ဤအစီရင်ခံစာကို ဖတ်ရှုနေသူများကိုလည်း ကျွန်ုပ်တို့နှင့် ပူးပေါင်းလုပ်ဆောင်ရန် တိုက်တွန်းပါသည်။

လုပ်ငန်းစဉ်အပေါ် COVID-19 ကမ္ဘာ့ကပ်ရောဂါ၏ သက်ရောက်မှုများ

အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကို စတင်ဆောင်ရွက်ခဲ့ပြီး COVID-19 ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသည့် ကာလအတွင်း အားလုံးပြီးစီးခဲ့သည်။ ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကြောင့် လူချင်းတွေ့ဆုံမှုများ၊ လူအဖွဲ့အစည်းနှင့် ထိတွေ့ဆက်ဆံမှု၊ လူထုပါဝင်မှု လုပ်ငန်းစဉ်များကို အဓိကအားဖြင့် ဒစ်ဂျစ်တယ် ဆက်သွယ်ရေးလိုင်းများမှတစ်ဆင့် ပြီးစီးဆောင်ရွက်ခဲ့သည်၊ သို့သော် အဖွဲ့လိုက် ဆွေးနွေးမှုအချို့ကို သတ်မှတ်ထားသည့်အတိုင်း နှာခေါင်းစည်းဝတ်ဆင်၍ လူအများနှင့် ဝေးဝေးနေခိုင်းခြင်းဖြင့် ခွင့်ပြုပေးထားသည်။

အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ သည် ရဲတပ်ဖွဲ့၏ မမျှတသော ဖိနှိပ်မှုကြောင့် ထိခိုက်ခံစားရသည့် လူအုပ်စုများ။ အထူးသဖြင့် လူမည်းများ၊ အခြားအဖယ်ကျဉ်ခံ လူအုပ်စုများနှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ရန် ကြိုးပမ်းမှုများဖြစ်သည်။ အချို့ ဒေသခံများသည် Zoom ကဲ့သို့ ဒစ်ဂျစ်တယ် ကိရိယာများကို အဆင်ပြေလွယ်ကူစွာ ပါဝင်နိုင်ခြင်းမရှိသည့်အတွက် ကန့်သတ်ထားသော လူချင်းတွေ့ဆုံမှုများမှတစ်ဆင့် အင်တာနက်မသုံးစွဲနိုင်သည့် ဒေသခံများ၏ တုံ့ပြန်ချက်များကို ရယူပြီး ဒေတာထည့်သွင်းခဲ့သည်။ အစဉ်အလာအားဖြင့် ဒေတာစုဆောင်းမှုနည်းလမ်းများဖြင့် လုံလောက်စွာ စာရင်းကောက်ယူထားခြင်းမရှိသည့် ရပ်ရွာအဖွဲ့ဝင် အနည်းစု၏ ဖွင့်ဟပြောဆိုမှုများကို တွေ့ရှိချက်များတွင် ဖော်ပြနိုင်စေရန် ဤပရောဂျက်တွင် ပါဝင်သည့် သုတေသနပြုသူများအား ဒေတာများကို သေချာစိစစ်ထည့်သွင်းရန် တာဝန်ပေးထားသည်။

မာတိကာ

မိတ်ဆက် မက်ဆေ့ချ်များ

Jason Molino၊ Tompkins ကောင်တီအုပ်ချုပ်ရေးမှူး 2
Svante Myrick၊ Ithaca မြို့ တော်ဝန် 3
ရဲတပ်ဖွဲ့၏ ထိန်းသိမ်းကြပ်မတ်မှု မျှတရေး ဆန်းစစ်စင်တာ 4

အုပ်ချုပ်ရေး အနှစ်ချုပ်

"ရဲတပ်ဖွဲ့အား ထောက်ပံ့မှုရပ်ဆိုင်းခြင်း" ကို ဖြေရှင်းခြင်း 6
အကြံပြုချက်များ 7

Profile of Community 8

Process & Timeline
Working Groups 10
Methods, Community Input and Public Forums, and Community Narratives 12

Current State of Law Enforcement
Executive Order 203 Themes 20
Ithaca Police Department 20
Tompkins County Sheriff's Office 25
Data Democratization 31

Recommendations 33

Implementation of Recommendations 46

Appendix 47



အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်မှုအတွက် ကျွန်ုပ်တို့ သတ်မှတ်ပြဋ္ဌာန်းရာတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီပြီး ဖွဲ့စည်းပုံစနစ်ပြောင်းလဲမှုကို ဖြေရှင်းနိုင်သည့် ပြီးပြည့်စုံ၍ စုပေါင်းဆောင်ရွက်မှု နည်းလမ်းကို စတင်ရန်မှာ ကျွန်ုပ်တို့၏အမြင်ဖြစ်သည်။ ကျွန်ုပ်၏ ကောင်တီနှင့် မြို့တော် ဝန်ထမ်းများ၊ သုတေသနပြုသူများ၊ ရပ်ရွာအဖွဲ့ဝင် စေတနာဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့၏ ထိန်းသိမ်းကြပ်မတ်မှု မျှတရေး ဆန်းစစ်စံတာတို့၏ လုပ်ဆောင်ချက်များမှတစ်ဆင့် ရေရှည်တည်တံ့သော ပြောင်းလဲမှုဆီသို့ စေ့စပ်သေချာစွာ လမ်းပြပေးနိုင်သည်။ ယခုအခါ ဤအကြပ်ပြုချက်များကို လိုက်နာဆောင်ရွက်ရန်နှင့် အများပြည်သူလုံခြုံရေးတွင် ပိုမိုမျှတသော ရလဒ်များထွက်ပေါ် လာစေရန်မှာ ကျွန်ုပ်တို့၏စုပေါင်းတာဝန်ဖြစ်သည်။

ဤအစီရင်ခံစာတွင် နယ်ပယ်ကက်ပြည်နယ် အုပ်ချုပ်ရေး အမိန့် 203 ကို စတင်စေခဲ့သည့် ကြေကွဲဖွယ်ဖြစ်ရပ်ဆိုး အခိုက်အတန့်များ ပါဝင်သည့်အပြင် မတရားမှုကို ဆက်လက် တည်ရှိစေသည့် ဖွဲ့စည်းပုံစနစ်များအား ဝေဖန်ပိုင်းခြားနိုင်စေသည်။ သမိုင်းစဉ်လာအရ ကျွန်ုပ်တို့ကို လုံခြုံအောင် ကာကွယ်ပေးရန် အားထားနေသည့် ဖွဲ့စည်းမှုစနစ်များအစတွင် ပင် အဖယ်ကျဉ်ခဲနှင့် လူနည်းစု ပုဂ္ဂိုလ်များကို ဖယ်ချန်ထားခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာရက်စက်ခြင်း၊ လျစ်လျူရှုထားခြင်းတို့ ပြုလုပ်နေခဲ့သဖြင့် ပြောင်းလဲမှုသည် အလွန် အရေးပါပြီး မဖြစ်မနေလုပ်ဆောင်ရန်လိုသည်။

ဤအကြပ်ပြုထားသည့် ပြောင်းလဲမှုများသည် အချို့အတွက် စိတ်ကသိကအောက်ဖြစ်စေပြီး အချို့အတွက် စိတ်ဝင်စားစရာကောင်းစေကာ အချို့ကမူ ဤပြောင်းလဲမှုကို မလုံလောက်ဟု ထင်မြင်နိုင်ကြောင်း ကျွန်ုပ်တို့ မျှော်လင့်ထားသည်။ ကျွန်ုပ်တို့၏ လူအဖွဲ့အစည်းနှင့် ထိတွေ့ဆက်ဆံမှု လုပ်ငန်းစဉ်တွင် လူမျိုးဘာသာရေး၊ ပါဝင်နိုင်ပြီး ဤအကြပ်ပြုချက်မူကြမ်းများကို တည်တံ့ခိုင်မြဲစွာ ရေးဆွဲထားကာ ကျွန်ုပ်တို့၏ အကောင်အထည်ဖော်မှု အစီအစဉ်မှာ ထင်ရှားပေါ် လွင်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ၦင်းသည် ဧပြီလ 1 ရက်နေ့တွင် တင်သွင်း၍ ရှေ့ဆက်လုပ်ဆောင်ရန် ရည်ရွယ်ထားသည့် လူအဖွဲ့အစည်း၏ ဖြေဆိုမှုများနှင့် ဥပဒေပြုလုပ်ငန်းစဉ်များအရ ပိုကောင်းလာမည့် မွမ်းမံပြင်ဆင်နိုင်သည့် စာရွက်စာတမ်း ဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့ အပြည့်အဝမျှော်လင့်ပါသည်။ နောက်ဆုံးအတည်ပြုထားသော အကြပ်ပြုချက်များအား အကောင်အထည်ဖော်မှုကို ဤ စာရွက်စာတမ်းတွင် ဖော်ပြမည်ဖြစ်သော်လည်း လုပ်ငန်းစဉ်တွင်မူ လိုက်လျောညီထွေဖြစ် အောင်နှင့် တိုးတက်အောင် လုပ်နိုင်စွမ်းရှိသင့်သည်။

ဤအကြပ်ပြုချက်များပေးရန် လုပ်ငန်းစဉ်တစ်ခုလုံးတွင် ရပ်ရွာအဖွဲ့ဝင် ရာပေါင်းများစွာသည် ၎င်းတို့၏ အချိန်များရင်း၍ ဖြေဆိုပေးခဲ့ပြီး ရဲတပ်ဖွဲ့၏ ထိန်းသိမ်းကြပ်မတ်မှုနှင့် အများပြည်သူလုံခြုံရေးစနစ်ကြောင့် အများဆုံးထိခိုက်ခဲ့ရသူများကလည်း ၎င်းတို့၏ ဖွင့်ပြောဆိုမှုများ၊ အတွေ့အကြုံများ၊ ကျွမ်းကျင်မှုများနှင့် ထင်မြင်ချက်များကို ဝေမျှခဲ့သည့်အတွက် ကျွန်ုပ်အနေဖြင့် ၎င်းတို့ကို အထူးအသိအမှတ်ပြုလိုပါသည်။

စာရွက်ပေါ် တွင်သာ ပြောင်းလဲမှုများကို ရေးချရုံတင်မကဘဲ လူအဖွဲ့အစည်းများအား ကာကွယ်၍ ဝန်ဆောင်မှုပေးခြင်း၊ ပိုမိုလုံခြုံ၍ ကျန်းမာသော လူအဖွဲ့အစည်းများကို ဖန်တီးခြင်းအပေါ် ဦးစားပေးအာရုံစိုက်သည့် ကျယ်ပြန့်သော ယဉ်ကျေးမှုပြောင်းလဲမှု လိုအပ်သည်ဟု ကျွန်ုပ်ထင်သည်။ ဤစနစ်များတွင် ပါဝင်သည့် သင်၏ အခန်းကဏ္ဍနှင့် ပိုမိုမျှတသော အများပြည်သူလုံခြုံရေးစနစ်တွင် သင့်အနေဖြင့် တစ်စိတ်တစ်ပိုင်းမှ ပါဝင်နိုင်ပုံကို သုံးသပ်ရန် ယင်းစနစ်များနှင့် အဝင်ခွင်ကျဖြစ်ပြီး အလုပ်လုပ်လိုသူတိုင်းကို ကျွန်ုပ်တို့ ဖိတ်ခေါ်ပါသည်။ ထင်တွင် မျှတ၍ ရေရှည်တည်တံ့သော ပြောင်းလဲမှုကို ဖော်ဆောင်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သည့် ကျန်းမာရေးဝန်ဆောင်မှု၊ ပြည်သူ့ဝန်ဆောင်မှုနှင့် လူမှုရေးဝန်ဆောင်မှု ပံ့ပိုးပေးသူများ ပါဝင်သည်။

ဥပဒေစိုးမိုးရေးသည် ဖွဲ့စည်းပုံနှင့် အဖွဲ့အစည်းဆိုင်ရာ လူမျိုးရေးခွဲခြားမှုကြောင့် သက်ရောက်မှုရှိသည့် စနစ်ဥပမာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ အစိုးရနှင့် အများပြည်သူ လုံခြုံရေး စနစ်များအား ပိုမိုအမြင်ကျယ်လာစေရန် ရည်ရွယ်သော စနစ်တစ်ခုလုံးသို့ ဦးတည်လျှောက်လှမ်းရန်မှာ ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။ ယင်းလမ်းကြောင်းတွင် ချမှတ်ထားသော စနစ်များနှင့် အကြပ်ပြုချက်များမှတစ်ဆင့် ပိုမိုမျှတသော ရလဒ်များ ပေါ် ထွက်လာနိုင်သည်။

Jason Molino
Tompkins ကောင်တီ၊ N.Y. ပြည်နယ်အုပ်ချုပ်ရေးမှူး



Ithaca နှင့် Tompkins ကောင်တီရှိ ဥပဒေစိုးမိုးရေး ဝန်ဆောင်မှုဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်ချက်ပြည့်မီစေရန် ဤအစီရင်ခံစာသည် အကြီးမားဆုံး ကြိုးပမ်းအားထုတ်မှုတစ်ခုဖြစ်ပြီး အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်မှုအသစ်ကို ပေးစွမ်းရန် လိုအပ်ကြောင်း ရလဒ်များ ထင်ရှားပြတ်သားမှုရှိသည်။ အထောက်အထားပေါ် အခြေခံ၍ မျှတမှုကို နှလုံးသွင်း ရေးဆွဲထားသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် လူမှုအဖွဲ့အစည်းစံနှုန်းများ၊ ရင်းမြစ်များ၊ အရာရှိများ၏ လုပ်နိုင်စွမ်းများနှင့် ပိုမိုကိုက်ညီသော ဌာနသစ်တစ်ခု ဖန်တီးသင့်သည်။ ဤအကြပ်ပြုချက်များကို စစ်မှန်စွာ အကောင်အထည်ဖော်ရန် ရှေ့ဆက် လုပ်ဆောင်သွားမည်ဟု ကျွန်ုပ်ကတိပြုပါသည်။

ဤအစီရင်ခံစာ ထွက်လာစေရန် လေပေါင်းများစွာ လက်တွဲဆောင်ရွက်ခဲ့သည့် စေတနာဝန်ထမ်းများ၊ ဒေတာဆန်းစစ်ပညာရှင်များ၊ စစ်တမ်းဖြေဆိုသူများ၊ ဆွေးနွေးမှုအဖွဲ့တွင် ပါဝင်သူများ၊ လူထုမှတ်ချက်ပေးသူများ၊ ဥပဒေစိုးမိုးရေး အရာရှိများနှင့် ရဲတပ်ဖွဲ့၏ ထိန်းသိမ်းကြပ်မတ်မှု မျှတရေး ဆန်းစစ်စံတာ များအား ကျွန်ုပ် လိုက်လိုက်လဲလဲ ကျေးဇူးတင်ရှိပါသည်။ လမ်းပေါ် တွင် ဆက်ဆံပြောဆိုမှုများနှင့် ပတ်သက်၍ စိတ်ထိခိုက်စရာ ဖော်ပြချက်များပေးရန် ဖုန်းခေါ်ဆိုမှု ပမာဏများကို ဆန်းစစ်ခြင်းမှတစ်ပါး အရာအားလုံး လုပ်ဆောင်ပြီး ကျွန်ုပ်တို့၏ လူအဖွဲ့အစည်း၏ စုပေါင်းကြိုးစားအားထုတ်မှုများသည် ကျွန်ုပ်တွေ့ဖူးသမျှ ရဲတပ်ဖွဲ့နှင့် အများပြည်သူလုံခြုံရေးတွင် အကျယ်ပြန့်ဆုံး ဒေသဆိုင်ရာ လျှပ်တပြက်ပုံရိုပ်ဖြစ်သည်။

အစီရင်ခံစာတွင် လက်ရှိအရာရှိများအား အထူးကျေးဇူးတင်ရှိမှုနှင့် ကျွန်ုပ်တို့အနေဖြင့် ပြောင်းလဲဖော်ဆောင်ထားသည့် ပိုမိုမျှတကောင်းမွန်သော စနစ်တစ်ခု လိုအပ်ကြောင်း စိတ်ဝင်စားစရာ ဖြစ်စဉ်များကို တွေ့ရသည်။ ကျွန်ုပ်တို့၏ အများပြည်သူကာကွယ်ရေး အရာရှိများအနေဖြင့် လူအဖွဲ့အစည်း၏ မတူကွဲပြားမှုအတွက် ပို၍ရပ်တည်ပေးရန်၊ ပဋိပက္ခများ ဖြေရှင်းရာတွင် ပို၍ အသင့်ပြင်ဆင်ထားရန်၊ အကျပ်အတည်းကြုံနေသူများအား လူမှုရေးဝန်ဆောင်မှုများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်သည်။ အကျဉ်းချုပ်အားဖြင့် Ithaca ရဲဌာနရှိ ရဲသားများနှင့် ရဲမေများသည် လေးစားဖွယ် အရည်အချင်းများနှင့် ကျွမ်းကျင်သူပီသစွာ ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ခဲ့သော်လည်း ရဲဌာန အနေဖြင့် ကျွန်ုပ်တို့မြို့ ခံများ၏ အပြုအမူဆိုင်ရာ ပြဿနာများအတွက် ဖုန်းခေါ်ဆိုမှုများကို ဖြေကြားရန် အချိန်ကြာလွန်းသည်။ အမြဲတမ်း လက်ခံနိုင်ဖွယ်မရှိသည့် လုပ်ဆောင်ချက်နှောင့်နှေးနေမှုကြောင့် အရာရှိများနှင့် Ithaca မြို့ ခံများအတွက် အန္တရာယ်ပိုများစေသည်။ ထို့ပြင် အိမ်ခြေရာမဲ့များ၊ မူးယစ်ဆေးစွဲနေသူများနှင့် စိတ်မကျန်းမာသူများကို ရာဇဝတ်သားပမာ ဆက်ဆံပြုမူခြင်းလည်း ပါဝင်သည်။

အကြပ်ပြုချက်များအပါအဝင် ဤအစီရင်ခံစာရှိ တွေ့ရှိချက်များမှာ အလွန်မျက်ခုံးလှုပ်စရာ ကောင်းကြောင်း ကျွန်ုပ်ထောက်ခံသည်။ လက်ရှိဂေဟာစနစ် ပြန်လည်ဖော်ဆောင်မှုကဏ္ဍသည် ကျွန်ုပ်တို့လိုအပ်နေသည့် ပြောင်းလဲမှုကို အသက်သွင်းရန် လုံလောက်မှုမရှိပါ။ လူထုဖြေရှင်းရေးနှင့် အများပြည်သူလုံခြုံရေး ဌာနသစ်သည် အောက်ခြေမှစ၍ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဒေသခံတိုင်းအတွက် ပိုမိုလုံခြုံသော နေစရာတစ်ခုအဖြစ် Ithaca မြို့အား ဖန်တီးပေးမည်ဖြစ်သည်။ အထောက်အထားများအရ ဖွဲ့စည်းထားပြီး ကောင်စွာလေ့ကျင့်ပေးထားသည့် ဝန်ထမ်းများ (လူထုဖြေရှင်းရေး လက်နက်မဲ့ဝန်ထမ်းများနှင့် အများပြည်သူလုံခြုံရေး လက်နက်ကိုင် ဝန်ထမ်းများ) ခန့်အပ်ထားသည့် CSPS ဌာနသည် အခြေခံကျသော ပြောင်းလဲမှုအဖြစ် အချို့ကို စတင်ဆောင်ရွက်ပါမည်။ သို့သော် ၎င်းတွင် IPD က ဖမ်းဆီးမှုသို့ ဦးတည်ခြင်းမရှိသည့် ဝန်ဆောင်မှုများအတွက် ဖုန်းခေါ်ဆိုမှုကို တုံ့ပြန်ရန် လုံလောက်မှုမရှိပါ။ ဤနေရာတွင်မှ ကျွန်ုပ်တို့ လိုအပ်နေသည့် ပြောင်းလဲမှုကို အသက်သွင်းရန် လုံလောက်မှုမရှိပါ။ လူထုဖြေရှင်းရေးနှင့် ဝန်ဆောင်မှု ပံ့ပိုးရေးတွင် ကောင်စွာလေ့ကျင့်ပေးထားသည့် လူထုဖြေရှင်းရေး လက်နက်မဲ့ဝန်ထမ်းများက ကိုင်တွယ်သင့်သည်။ ကျွန်ုပ်တို့၏ အများပြည်သူလုံခြုံရေး ဝန်ထမ်းများအား ကြီးလေးသော ပြစ်မှုများကို တားဆီးရန်၊ ကြားဝင်ဖျန်ဖြေရန်နှင့် ဖြေရှင်းရန် ဦးစားပေးဆောင်ရွက်ခိုင်းပါမည်။

ကျွန်ုပ်တို့၏ ရှေ့မှောက်တွင်ရှိသည့် အရေးကြီးသော လိုအပ်ချက်မှာ ဤအကြပ်ပြုချက်များကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ နက်နဲသည့် တွေးခေါ်မှုနှင့် လူအဖွဲ့အစည်းအတွက် မေတ္တာတရားကို ဖော်ဆောင်ရန် စစ်မှန်သော ဖွဲ့စည်းပုံဆိုင်ရာ ပြောင်းလဲမှုအတွက် နာရီပေါင်းထောင်ရာချီ ရင်းနှီး၍ လုပ်ဆောင်သင့်သည်။ ဤစာရွက်စာတမ်းအတွက် လိုအပ်ချက်များကို ကျွန်ုပ်တို့သိရှိနားလည်ပြီး အစဉ်ပြောင်းလဲနေသော လူအဖွဲ့အစည်း လိုအပ်ချက်များ။ အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်ကို အချိန်နှင့်တစ်ပြေးညီ လိုက်လျောညီထွေပြင်ဆင်ရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် အကြပ်ပြုချက်များကို ဤမွမ်းမံပြင်ဆင်နိုင်သည့် စာရွက်စာတမ်းတွင် ခွင့်ပြုပေးပါမည်။ ထို့ပြင် ဤပြန်လည်ရေးဆွဲထားသော အများပြည်သူလုံခြုံရေးစနစ်အသစ်ကို တည်ဆောက်ရန် ကျွန်ုပ်အနေဖြင့် မြို့တော်ကောင်စီ၊ မြို့ တော်ဝန်ထမ်းများနှင့် ဒေသခံများ အားလုံးနှင့် လက်တွဲဆောင်ရွက်ရန် မျှော်လင့်ပါသည်။

Svante Myrick
မြို့ တော်ဝန်၊ Ithaca မြို့၊ N.Y.

Center For
POLICING EQUITY

သုတေသနနှင့် လုပ်ဆောင်မှုအဖွဲ့အစည်းအနေဖြင့် ရဲတပ်ဖွဲ့၏ ထိန်းသိမ်းကြပ်မတ်မှု မျှတရေး ဆန်းစစ်စင်တာ (CPE) သည် ဥပဒေစိုးမိုးရေးရှိ လူမျိုးရေးခွဲခြားမှုဖြစ်စေသည့် အကြောင်းရင်းများကို ခွဲခြားဖော်ထုတ်ရန်နှင့် လျှော့ချရန် ဆန်းစစ်ချက်များကို ထုတ်ပေးသည်။ CPE သည် လူမှုရေး၊ ယဉ်ကျေးမှုနှင့် မူဝါဒပြောင်းလဲမှု အရှိန်အဟုန်ကို ဖန်တီးရန် လူမှုရေးမျှတမှုဆိုင်ရာ အထောက်အထားအခြေပြု နည်းလမ်းများနှင့် ဒေတာများကို အသုံးပြုပါသည်။ ရဲတပ်ဖွဲ့၏ ထိန်းသိမ်းကြပ်မတ်မှု မျှတရေး ဆန်းစစ်စင်တာအား အောက်ပါအချက်များကို လမ်းညွှန်ထားသည်-

တရားမျှတမှုဆီသို့ ရှေ့ဆက်လျှောက်လှမ်းမည့် လမ်းကြောင်းတွင် ကျွန်ုပ်တို့ယုံကြည်သည့် အရာကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်ရန် လိုအပ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ ယုံကြည်မှုဖြစ်သည်။

> တစ်ကမ္ဘာလုံးထိခိုက်ခံစားနေရသည့် အခြေခံအကြောင်းရင်းမှာ လူဖြူစိုးမိုးမှု ဝါဒ၏ ဆိုးဝါးသော အမွေအနှစ်ပင်ဖြစ်သည်။ လူဖြူစိုးမိုးမှုဝါဒကို ပံ့ပိုးသည့် စနစ်များကို ဆန့်ကျင်၍ တစ်စစီ အမြစ်ဖြုတ်ရမည်။
>
> အန္တရာယ်များ ကြုံလာလျှင် 911 ကို ဖုန်းခေါ်နိုင်စေသည့် လိုအပ်သော ရင်းမြစ်များရှိလျှင် လူအဖွဲ့အစည်းအားလုံး၊ အထူးသဖြင့် အားနည်းသည့် လူအဖွဲ့အစည်းများအတွက် ဘေးကင်းလုံခြုံမှုအရှိဆုံး ဖြစ်သည်။ လူအဖွဲ့အစည်းအတွက် ဘေးကင်းလုံခြုံမှုရှိစေရန် ထိုကဲ့သို့ ရင်းမြစ်များကို ပံ့ပိုးပေးရန် အခြေခံကျသည်။
>
> ရပ်ရွာအဖွဲ့ဝင်များ အန္တရာယ်ကြုံတွေ့သည့်အခါ ယင်းအန္တရာယ်များကို တုံ့ပြန်ဆောင်ရွက်ရန်အတွက် သင့်တော်သော ရင်းမြစ်များ ပံ့ပိုးပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်သည်။ (ဥပမာအနေဖြင့်) နေအိမ်တွင်း ဖြစ်ပေါ်နေသည့် အန္တရာယ်ကို တုံ့ပြန်ဖြေရှင်းရန် ဥပဒေစိုးမိုးရေးအဖွဲ့အား စေလွှတ်ခြင်းဖြင့် လူအဖွဲ့အစည်းအတွက် ပိုမိုလုံခြုံမှုရှိစေမည် မဟုတ်ပါ။

"ကျွန်တော်တို့မှာရှိတဲ့ ဖွဲ့စည်းမှုစနစ်တွေကို တိုးမြှင့်ဖို့ လုပ်ဆောင်တဲ့နေရာမှာ လိုအပ်တဲ့ စနစ်တွေ ဖန်တီးဖို့ လုပ်ငန်းတွေကို အဟန့်အတား မဖြစ်စေသင့်ဘူး။ ဒါ့အပြင် စနစ်အတွင်း ပြီးစီးဆောင်ရွက်ခဲ့တဲ့ လုပ်ဆောင်ချက်မှန်သမျှဟာ လူအဖွဲ့အစည်းလုပ်ငန်းအတွက် အတားအဆီး ဒါမှမဟုတ် လမ်းလွဲအောင်လုပ်ဖို့ မသုံးသင့်ပါဘူး။"

-Dr. Phil Atiba Goff၊ တွဲဖက်တည်ထောင်သူနှင့် CEO

ရဲဌာန၏ မျှတမှု ဆန်းစစ်ရေးစင်တာသည် လုပ်ငန်းစဉ် လမ်းညွှန်ကို ပံ့ပိုးပေးရန်၊ Ithaca မြို့နှင့် Tompkins ကောင်တီရှိ ဒေသခံများအတွက် အဖွဲ့အစည်းဆိုင်ရာ တာဝန်ယူမှုရှိစေရန် ပရောဂျက်နည်းပြများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။



မိတ်ဆက်

ဤအစီရင်ခံစာသည် Ithaca နှင့် Tompkins ကောင်တီတွင် အများပြည်သူလုံခြုံရေးကို ပြန်လည်ဖော်ဆောင်ရန် လမ်းညွှန်ပြသပေးသည်။ Ithaca နှင့် Tompkins ကောင်တီ၌ အများပြည်သူလုံခြုံရေးကို ပြန်လည်ဖော်ဆောင်ရန် အကြပ်ပြုချက်များ ပါဝင်သည့် နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးအမိန့် 203 ကို ထုတ်ပြန်ပြီးနောက်ပိုင်း စီစဉ်ခဲ့သည့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်အကြောင်းနှင့် အကြပ်ပြုချက်များအတွက် ကြိုတင်ပြင်ဆင်ထားသော အကောင်အထည်ဖော်ရေး နည်းလမ်းများကို ဤအစီရင်ခံစာတွင် ရှင်းပြပေးထားသည်။ အုပ်ချုပ်ရေးအမိန့်အရ ဤအစီရင်ခံစာကို နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး၏ ရုံးခန်းသို့ ဧပြီလ 1 ရက်၊ 2021 တွင် နောက်ဆုံးထား ပေးပို့ရမည်။

အဓိပ္ပာယ်သတ်မှတ်ချက်များ

ပြန်လည်ဖော်ဆောင်ခြင်း။ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်များတွင် ဆန်းသစ်ဖန်တီးနိုင်သော ဖြေရှင်းချက်များကို လှုံ့ဆော်ရန်နှင့် အကြပ်ပြုပေးရန်အတွက် ဖွဲ့စည်းမှုစနစ်ဆိုင်ရာ တရားမမျှတမှုများကို သုံးသပ်ရန် တောင်းဆိုသည့် စည်းစနစ်ကျသော သုံးသပ်အကဲဖြတ်ချက်တစ်ခုဟု ၎င်းကိုအဓိပ္ပာယ်သတ်မှတ်သည်။

အများပြည်သူလုံခြုံရေး၊ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်များတွင် ဒေသခံများအားလုံးအား ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် တရားမျှတမှုရစေရန် လုပ်ဆောင်သည့် အစိုးရစနစ်များဟု ၎င်းကို အဓိပ္ပာယ်သတ်မှတ်သည်။ အုပ်ချုပ်ရေးအမိန့် 203 တွင် လူမျိုးရေးခွဲခြားမှုများ၊ ဘေးကင်းလုံခြုံရေးနှင့် တရားမျှတမှုစနစ်များကို တုံ့ပြန်ဆောင်ရွက်ရာတွင် အဖယ်ကျဉ်ခံ လူအုပ်စုများအား၊ လုံး အပါအဝင် အကာအကွယ်မဲ့လူတန်းစားအား ဗဟိုပြုသော လူမျိုးရေးသတ်မှတ်ချက်များကို မျှမျှတတဖြစ်စေရန် အထူးတောင်းဆိုထားသည်။

ဤအစီရင်ခံစာကို ဖန်တီးရန်အတွက် Ithaca မြို့နှင့် Tompkins ကောင်တီအစိုးရများအား ပေါင်းစည်းရန် **အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့** ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဤအစီရင်ခံစာကို နောက်ဆုံးဖြေရှင်းချက်အတွဲများအဖြစ် တင်ပြသည်ထက် မွမ်းမံပြင်ဆင်နိုင်သော စာရွက်စာတမ်းအဖြစ် ထားရှိသင့်ကြောင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ က သိရှိနားလည်ခဲ့သည်။ ဤစာရွက်စာတမ်းသည် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်တစ်လျှောက်တွင် လိုအပ်သည့်အခါ လေးလေးနက်နက် ပြောင်းလဲပြင်ဆင်နိုင်သည့် လမ်းပြမြေပုံတစ်ခုအဖြစ် ဆောင်ရွက်ပေးသည်။

စစ်တမ်းကောက်ယူမှုများနှင့် အဖွဲ့လိုက်ဆွေးနွေးမှုများမှတစ်ဆင့် ရရှိထားသော အဖြေများစွာသည် ရဲတပ်ဖွဲ့အတွက် အထောက်အကူပြုပြီး အရာရှိများအနေဖြင့် ပြစ်မှုများကို တုံ့ပြန်ဆောင်ရွက်ရန်၊ ပြည်သူအားလုံးကို "ကာကွယ်ရန်နှင့် ပုံပိုးကူညီရန်" လိုအပ်သည့် အခန်းကဏ္ဍများကို သတိပြုမိစေသည်။ အများဆုံးတွေ့ရသည့် ထင်မြင်ချက်မှာ ကျွန်ုပ်တို့၏ လက်ရှိလူအဖွဲ့အစည်းတွင် ရဲအရာရှိများအား များစွာလုပ်ဆောင်ခိုင်းကြောင်း၊ ၎င်းတို့၏ ပြည်သူများကို ကာကွယ်ရန်နှင့် ပုံပိုးကူညီရန် အခန်းကဏ္ဍတွင် ယခင်စနစ်အရ အဖယ်ကျဉ်ခံထားရသည့် အုပ်စုများ အပါအဝင် အုပ်စုများအားလုံး ထည့်သွင်းသင့်ကြောင်းနှင့် ၎င်းတို့ကို ကာကွယ်၍ ပုံပိုးကူညီပေးသင့်ကြောင်းတို့ ဖြစ်သည်။ ၎င်းပုံပိုးကူညီမှုများတွင် အဖယ်ကျဉ်ခံ လူအဖွဲ့အစည်းများနှင့် ဆက်ဆံပြောဆိုရာ၌ ရဲအရာရှိများအား ပိုမိုယဉ်ကျေး၍ မျှတသော လုပ်ဆောင်ချက်များဖြင့် ဆောင်ရွက်ပေးရန် တိုက်ရိုက်တောင်းဆိုမှုကို ထည့်သွင်းထားသည်။

လူအဖွဲ့အစည်းနှင့် ထိတွေ့ဆက်ဆံမှု လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် စိတ်ကျန်းမာရေးမှာ အခြေခံကျသည်။ ရပ်ရွာအဖွဲ့ဝင်များသည် ရဲတပ်ဖွဲ့၏ ဖိနှိပ်မှုနှင့် စပ်လျဉ်း၍ ၎င်းတို့၏ စိတ်ဒဏ်ရာများမှ စိတ်ထိခိုက်မှု အတွေ့အကြုံများ၊ ပုဂ္ဂိုလ်းမြေးရေး အရာရှိများပေါ်တွင် ကျရောက်သော စိတ်ဖိစီးမှုများကို ကိုယ်ချင်းစာကြောင်းတို့ကို ရဲရင့်စွာဝေမျှပြောဆိုခဲ့ပြီး စိတ်ကျန်းမာရေး အခက်အခဲရှိသည့် အခြေအနေများ၌ ရဲအရာရှိများအား ကိုင်တွယ်ဖြေရှင်းရန် အခြားနည်းလမ်းများကို ဤအစီရင်ခံစာတွင် ဖော်ပြပေးထားရန် အရေးကြီးသည်။

"ရဲတပ်ဖွဲ့အား ထောက်ပံ့မှုရပ်ဆိုင်းခြင်း" ကို ဖြေရှင်းခြင်း

နိုင်ငံတစ်ဝှမ်း လှုပ်ရှားမှုများတွင် ဖော်ပြထားသည့် အကြောင်းအရာများကို သုံးသပ်ကြည့်လျှင် ဒေသဆိုင်ရာ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက "ရဲတပ်ဖွဲ့အား ထောက်ပံ့မှုရပ်ဆိုင်းရန်" လူထုဆွေးနွေးပွဲများ၊ ဆိုရှယ်မီဒီယာပို့စ်များနှင့် အခြား အများသုံးပလက်ဖောင်းများတွင် အတိအလင်း ဖော်ပြခဲ့သည်။ အဖွဲ့လိုက်ဆွေးနွေးမှုတွင် ပါဝင်သူများက ယင်းသဘောထားကို တက်ကြွစွာဖော်ပြခြင်းမရှိပါ။ လက်ရှိရဲင်ငံရေး အခြေအနေများကို ခုခံကာကွယ်နိုင်စွမ်းမရှိလျှင် ပြောင်းလဲရန်လိုအပ်ကြောင်း ကမ္ဘာတစ်ဝှမ်းတွင် လက်ခံယုံကြည်ကြသည်။ အဖွဲ့လိုက်ဆွေးနွေးမှုများနှင့် စစ်တမ်းအဖြေများတွင် Tompkins ကောင်တီဒေသခံများအနေနှင့် ၎င်းတို့၏ ဆန္ဒမှာ ဘေးကင်းလုံခြုံမှုရှိရန်နှင့် (မျှတသော ရဲတပ်ဖွဲ့အုပ်ချုပ်မှု သို့မဟုတ် ပြည်သူ့ဝန်ဆောင်မှုများ ပိုမိုအသုံးပြုနိုင်မှုတို့မှတစ်ဆင့်) ၎င်းတို့၏ ဘေးကင်းလုံခြုံမှုအတွက် လိုအပ်သော စနစ်ပြောင်းလဲမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပေးရန်ဖြစ်ကြောင်း အတိအလင်းဖော်ပြခဲ့သည်။ ဘေးကင်းလုံခြုံမှုသည် စနစ်အတွင်း၌ အမြစ်တွယ်နေသော အာဏာရှိသူအတွက်သာမက လူတိုင်းအတွက် သက်ဆိုင်သည်ဟု ပူးပေါင်းဆောင်ရွက်မှုအဖွဲ့က ယုံကြည်သည်။ ဥပဒေစိုးမိုးရေးပြဋ္ဌာန်းများအတွက် ခွဲဝေသတ်မှတ်ပေးထားသော ရင်းမြစ်များကို ကန့်သတ်ခြင်းထက် တရားမျှတမှု၊ မျှတမှု၊ မတူကွဲပြားမှုနှင့် တန်းတူညီမျှပါဝင်မှုကို မြှင့်တင်ပေးသည့် အများပြည်သူလုံခြုံရေးနှင့် ပြည်သူ့ဝန်ဆောင်မှုဌာနများတွင် စနစ်ကျသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် အကြပ်ပြုလျက်ရှိသည်။ ရဲတပ်ဖွဲ့၏ အကြမ်းဖက်သည့် ထိန်းသိမ်းကြပ်မတ်မှု နည်းလမ်းများကို ဖယ်ရှားရန်နှင့် ရဲတပ်ဖွဲ့၏ အကြမ်းဖက်မှုကို တားဆီးရန်လည်း လုပ်ဆောင်သင့်ကြောင်း အကြပ်ပြုထားသည်။ အခြားတုံ့ပြန်ဆောင်ရွက်မှု ပုံစံများမှာ ဤအစီရင်ခံစာတွင် ဖော်ပြထားသော အဓိက အကြပ်ပြုချက်များဖြစ်သည်။

ဤလုပ်ငန်းစဉ်မှတစ်ဆင့် အခြေခံသဘောတရားမှာ "ဖျက်သိမ်းခြင်း" သို့မဟုတ် "ရဲတပ်ဖွဲ့ကို ဖျက်သိမ်းခြင်း" ဖြစ်ကြောင်း အခြားဇာတ်ကြောင်းတစ်ခုကို မျှဝေခဲ့သည်။ ဤအစီရင်ခံစာသည် ရဲတပ်ဖွဲ့၏ စုစုပေါင်း အရေအတွက်နှင့် လက်နက်ကိုင်အရာရှိများက ဖြေရှင်းသော အခြေအနေ အမျိုးအစားများကို သိသိသာသာ လျော့ကျစေရန် ပုံပိုးပေးခြင်းမဟုတ်ပါ။ ဥပဒေစိုးမိုးရေး အစိုးရဌာနများ၏ စုစုပေါင်းဖျက်သိမ်းမှုကို Ithaca နှင့် Tompkins ကောင်တီတို့တွင် အများပြည်သူလုံခြုံရေး ပြန်လည်ဖော်ဆောင်ရေးအတွက် အလားအလာရှိသော နည်းလမ်းတစ်ခုဟု မယူဆကြပါ။

ရဲတပ်ဖွဲ့အား "ထောက်ပံ့ငွေ ရပ်ဆိုင်းရန်" သို့မဟုတ် "ဖျက်သိမ်းရန် အပြင် "ရဲတပ်ဖွဲ့၏လုပ်ငန်းများအား ဖယ်ရှားရန်" တောင်းဆိုခဲ့ကြသည်။ ဤအစီရင်ခံရှိ အကြပ်ပြုချက်များသည် ဌာနများ၏ လက်နက်နှင့်အင်အား အသုံးပြုမှုအပြင် ဥပဒေစိုးမိုးရေး အစိုးရဌာနများက ဆောင်ရွက်သော စစ်တပ်ပုံစံလေ့ကျင့်ရေးနှင့် နည်းလမ်းများ အသုံးပြုမှုကို ဖြေရှင်းပေးသည်။

ဤအစီရင်ခံစာတွင် ကောင်တီနှင့်မြို့ နှစ်ခုလုံးအား ဤအစီရင်ခံစာတွင် ဖော်ပြထားသော ဦးစားပေးကဏ္ဍများနှင့် အခြားတုံ့ပြန်ဆောင်ရွက်မှုပုံစံများအတွက် ရင်းမြစ်များ ခွဲဝေသတ်မှတ်ပေးရန် အကြပ်ပြုထားသည်။ အများပြည်သူလုံခြုံရေး ဂေဟစနစ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် အခြားအစိုးရဌာနများအား မျှတမှုကို အခြေပြုသည့် စံနှုန်းဖြင့် ကြည့်ရှုစစ်ဆေးမည်ဖြစ်ပြီး ၎င်းတို့၏ အများပြည်သူလုံခြုံရေး လုပ်ဆောင်ချက်များနှင့် အကြပ်ပြုချက်များ အကောင်အထည်ဖော်ရန် သင့်တော်သော ထောက်ပံ့ငွေများပံ့ပိုးပေးပါမည်။

Ithaca မြို့၏ ရဲဌာန (IPD) နှင့် Tompkins ကောင်တီ ရဲအရာရှိရုံး (TCSO) ၏ လက်ရှိအခြေအနေကို ဤအစီရင်ခံစာတွင် ဖော်ပြထားသည်။ ဤအချက်အလက်ကို ကြိုတင်ပြင်ဆင်ရန်အပြင် ၎င်းတို့၏ ဥပဒေစိုးမိုးရေးနှင့် လူအဖွဲ့အစည်းနှင့် ထိတွေ့ဆက်ဆံမှု လုပ်ဆောင်ချက်အကြောင်း ဖြစ်ကြောင်းကုန်စင်ဖော်ပြရန် IPD နှင့် TCSO က သိသိသာသာ ဆောင်ရွက်ပေးခဲ့ကြသည်။

အကြံပြုချက်များ

အောက်တွင် ဤအစီရင်ခံတွင်ဖော်ပြထားသော အကြံပြုချက်များစာရင်းဖြစ်ပြီး စာမျက်နှာ 33 မှစ၍ အသေးစိတ် အကြံပြုချက်များကို တွေ့နိုင်ပါသည်။

အောက်ပါ အကြံပြုချက်များသည် Tompkins ကောင်တီနှင့် Ithaca မြို့တို့၏ ပြောင်းလဲမှုအတွက် သိသာထင်ရှားသော အမြင်တစ်ခုကို ထင်ဟပ်စေသည်။ ဤအကြံပြုချက်ကို သဘောတူလက်ခံရန်အတွက် ဒေသဆိုင်ရာ ဥပဒေပြုအဖွဲ့အစည်းများထံ 2021 ခုနှစ်၊ ဧပြီလ 1 ရက် နောက်ဆုံးထား၍ ပေးပို့ပြီးနောက် အုပ်ချုပ်ရေးအမိန့် 203 ကို တုံ့ပြန်ရန်အလို့ငှာ နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး Andrew Cuomo ၏ ရုံးခန်းသို့ ပေးပို့ပါမည်။

မြို့ - *Ithaca မြို့၏ ရဲဌာနကို လူထုဖြေရှင်းရေးနှင့် အများပြည်သူလုံခြုံရေး ဌာနဖြင့် အစားထိုးပါ*

မြို့နှင့် ကောင်တီ - *အရေးပေါ် ကြားဝင်ဖြေရှင်းပေးရန်နှင့် ကျန်းမာရေးနှင့်ပြည်သူ့ဝန်ဆောင်မှုများ တိုးချဲ့ပံ့ပိုးပေးရန် ရှိပြီးသား ပုံစံများကို အကဲဖြတ်သုံးသပ်ပြီး ဥပဒေစိုးမိုးရေး တုံ့ပြန်ဆောင်ရွက်မှု စနစ်အတွက် အခြားနည်းလမ်းတစ်ခု အကောင်အထည်ဖော်ပါ*

ကောင်တီ - *အရေးပေါ် မဟုတ်သည့် ဖုန်းခေါ်ဆို့မှုများအတွက် ဦးဆောင်လမ်းညွှန်မှု ပရိုဂရမ်တစ်ခု အကောင်အထည်ဖော်ခြင်းဖြင့် အရေးပေါ် တုံ့ပြန်မှု လိုအပ်ချက်များအတွက် ရရှိနိုင်သော ရင်းမြစ်များကို ပိုမိုကောင်းမွန်စွာ ချိန်ကိုက်ပါ*

ကောင်တီနှင့် မြို့ - *အရာရှိများ စတင်ဆောင်ရွက်ခဲ့သည် ယာဉ်ကြောပိတ်ဆို့မှု တားဆီးရေး၏ ရလဒ်များကို စုဆောင်း၍ အကဲဖြတ်ပါ*

ကောင်တီနှင့် မြို့ - *သင်ရိုးညွှန်တမ်း အသစ်ကို ခွဲခြားဖော်ထုတ်ပြီး တင်းမာမှုဖြေရှင်းရေးနှင့် စိတ်ကျန်းမာရေး ကဏ္ဍများကို ဥပဒေစိုးမိုးရေးအတွက် ကျယ်ပြန့်သော တုံ့ပြန်ဆောင်ရွက်မှုထဲ ထည့်သွင်းပေါင်းစပ်ထားသည့် ယဉ်ကျေးမှုအရ တုံ့ပြန်သည့် လေ့ကျင့်ရေး ပရိုဂရမ်တစ်ခု အကောင်အထည်ဖော်ပါ*

ကောင်တီနှင့် မြို့ - *ဒေသခံများနှင့် ဥပဒေစိုးမိုးရေးအဖွဲ့တို့၏ ဆက်ဆံမှုများ၌ စိတ်ဒဏ်ရာရမှုကို ဖြေရှင်းရန် ကျယ်ပြန့်သော လူအဖွဲ့အစည်း ပြန်လည်ကုစားရေး အစီအစဉ်တစ်ခု ဖန်တီးပါ*

ကောင်တီနှင့် မြို့ - *လက်တွေ့လုပ်ရှားဆောင်ရွက်နိုင်သော အသေးစိတ်အချက်များနှင့် အများပြည်သူလုံခြုံရေး ရင်းမြစ်များ ခွဲဝေသတ်မှတ်မှုကို ပိုမိုသိရှိရန် ဒေတာထည့်သွင်းမှုကို စံသတ်မှတ်ပြီး ရှိပြီးသား ဒေတာများကို ပြန်လည်သုံးသပ်ပါ*

ကောင်တီနှင့် မြို့ - *အချိန်နှင့်တစ်ပြေးညီသိနိုင်သည့် အများပြည်သူကာကွယ်ရေး ဒက်ရှ်ဘုတ်ကို ဖန်တီးပါ*

ကောင်တီ - *Tompkins ကောင်တီ အများပြည်သူ ကာကွယ်ရေး ပြန်လည်သုံးသပ်မှုဘုတ်အဖွဲ့ကို ဖွဲ့စည်းပါ*

ကောင်တီနှင့် မြို့ - *ဥပဒေစိုးမိုးရေးနှင့် ဆုံးမပြုပြင်ရေး အရာရှိများအတွက် ကျယ်ပြန့်၍ တန်းတူညီမျှပါဝင်နိုင်သည့် ဆန်းသစ်သော ဝန်ထမ်းသစ်ခန့်အပ်မှု နည်းဗျူဟာကို ရေးဆွဲပါ*

ကောင်တီနှင့် မြို့ - *အရာရှိအားလုံး၏ ကျန်းမာရေးကို မြှင့်တင်ပံ့ပိုးပေးရန် ကောင်တီတစ်ခုလုံးပါဝင်သည့် အစီအစဉ်ကို ရေးဆွဲပါ*

ကောင်တီနှင့် မြို့ - *Tompkins ကောင်တီတွင် လုပ်ဆောင်နေသည့် နယူးယောက်ပြည်နယ် ရဲတပ်ဖွဲ့ဝင်များထံမှ အဆက်မပြတ် တုံ့ပြန်မှုရှိသော ပူးပေါင်းဆောင်ရွက်မှုကို ရယူပါ*

ကောင်တီနှင့် မြို့ - *Tompkins ကောင်တီ၏ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုဌာနအတွက် SWAT သွားလာလှုပ်ရှားနိုင်သည့် ကွပ်ကဲထိန်းချုပ်ရေး မော်တော်ယာဉ်ကို ပြန်သုံးပြီး သွားလာလှုပ်ရှားနိုင်သည့် ကွပ်ကဲထိန်းချုပ်ရေး မော်တော်ယာဉ်၊ စင်တာများအတွက် မူဝါဒများရေးဆွဲပါ*

ကောင်တီနှင့် မြို့ - *ဝန်ဆောင်မှုနှင့် ကိရိယာများကို သင့်လျော်စွာ အသုံးပြုခြင်း၌၊ မရှိဆုံးဖြတ်ရန် SWAT အရေးပေါ်ကိစ္စအတွက် ခေါ်ဆိုမှုများကို ပြန်လည်သုံးသပ်ပါ*

မြို့ - *Ithaca မြို့၏ ရပ်ရွာ ရဲတပ်ဖွဲ့အား ပိုမိုကြီးကြပ်ခွင့် အာဏာပေးပါ*

ကောင်တီ - *ခရိုင်ရှေ့နေနှင့် တာဝန်ခန့်အပ်ထားသည့် အကြပေးရုံးဆိုင်ရာ ကိန်းဂဏာန်းအချက်အလက်များကို လူထုအား သုံးလတစ်ကြိမ်နှင့် နှစ်စဉ်အခြေခံ၍ ထုတ်ဖော်ပြောဆိုရန် လိုသည်*

ကောင်တီနှင့် မြို့ - *ဥပဒေစိုးမိုးရေး ဝန်ထမ်းများကို အမျိုးအစားခွဲရန် ပြည်သူ့ဝန်ထမ်းစာမေးပွဲလုပ်ငန်းစဉ်ကို စိစစ်တည်းဖြတ်ပါ*

ကောင်တီနှင့် မြို့ - *ဥပဒေစိုးမိုးရေး ဝန်ထမ်းရေးရာဌာနအတွက် သတ်မှတ်ချက်ပြည်မီသော လျှောက်ထားသူများအား "စဉ်ဆက်မပြတ် ခန့်အပ်ရန်" အတွက် ဒေသဆိုင်ရာ အရပ်ဘက်ဝန်ဆောင်မှု အာဏာပိုင်များအား ကြိုးကြပ်ခွင့်အာဏာပေးရန် နယူးယောက်ပြည်နယ်ကို ထောက်ခံအားပေးပါ*

ကောင်တီနှင့် မြို့ - *အရပ်ဘက်ဝန်ဆောင်မှု ဥပဒေအပိုင်း 75 အရ ဥပဒေစိုးမိုးရေး ဝန်ထမ်းရေးရာဌာနအတွက် စည်းကမ်းထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများကို ပြုပြင်ပြောင်းလဲရန် ပြည်နယ်အုပ်ချုပ်ရေးမှူး Cuomo နှင့်/သို့မဟုတ် နယူးယောက်ပြည်နယ် ဥပဒေပြုအာဏာပိုင်အဖွဲ့ကို တိုက်တွန်းဆော်ပါ။*

အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်

Tompkins ကောင်တီနှင့် Ithaca မြို့တို့သည် ဤအစီရင်ခံစာ၌ ဖော်ပြထားသော အကြပ်ပြုချက်များအတွက် စိတ်အားထက်သန်စွာဖြင့် စေ့စပ်သေချာသော လုပ်ငန်းစဉ်တစ်ခု ဆောင်ရွက်ရန် ကတိပြုပါသည်။ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်တွင် အကြပ်ပြုချက်တစ်ခုစီနှင့် ဆက်စပ်နေသည့် လုပ်ငန်းများကို ဦးဆောင်၍ ပြီးစီးအောင် ဆောင်ရွက်ရန် လူအဖွဲ့အစည်း တရားမျှတရေး စင်တာတစ်ခု ဖန်တီးတည်ဆောက်ခြင်း ပါဝင်ပါမည်။

CJC တည်ထောင်ရာတွင် မြို့နှင့် ကောင်တီရှိ ခေါင်းဆောင်ပိုင်းနှင့် အဖွဲ့အစည်းနှစ်ခုလုံးရှိ ဌာနများ၏ ပံ့ပိုးကူညီမှုဖြင့် အသစ်ခန့်အပ်ထားသော ဝန်ထမ်းများနှင့် စတင်ဆောင်ရွက်ပါမည်။ အကြပ်ပြုချက်တစ်ခုစီအတွက် ရပ်ရွာအဖွဲ့ဝင် စေတနာ့ဝန်ထမ်းများ။ မြို့နှင့် ကောင်တီ ဝန်ထမ်းအဖွဲ့ဝင်များ ပါဝင်သော အကောင်အထည်ဖော်ရေး အဖွဲ့များအား တာဝန်သတ်မှတ်ပေးပါမည်။ ရပ်ရွာအဖွဲ့ဝင်များအနေဖြင့် ထင်မြင်ချက်ပေးရှု လုပ်ငန်းစဉ် အပဒိတ်များအတွက် စာရင်းသွင်းနိုင်သည့် အွန်လိုင်းကိရိယာမှတစ်ဆင့် အကြပ်ပြုချက်တစ်ခုစီနှင့် ဆက်စပ်နေသည့် လုပ်ဆောင်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်နိုင်ပါမည်။ ရပ်ရွာအဖွဲ့ဝင်များသည် လုပ်ငန်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ရန် မိမိတို့၏ စိတ်ပါဝင်စားမှုကို ဖော်ပြနိုင်မည်ဖြစ်ပြီး CJC အနေဖြင့် အဆိုပါစိတ်ပါဝင်စားသူများအား ရရှိနိုင်သော အခွင့်အရေးများနှင့် တိုက်ရိုက်ဆက်သွယ်ချိတ်ဆက်ပေးပါမည်။

"ကမ္ဘာ့ကပ်ရောဂါနှစ်မျိုး" တွင်လည်း ဖွဲ့စည်းမှုစနစ်အရ လူမျိုးရေးခွဲခြားခြင်းနှင့် ရဲတပ်ဖွဲ့၏ အကြမ်းဖက်ခြင်းတို့ ပါဝင်နေပြီး ဤအန္တရာယ်ကို တုံ့ပြန်ဆောင်ရွက်ချက်များကို သုံးသပ်ရုံသာမက ရေရှည်တည်တံ့၍ ရင်းမြစ်များလုံလောက်ပြည့်စုံသော စနစ်တစ်ခု ဖန်တီးသင့်သည်ဟု ပူးပေါင်းဆောင်ရွက်မှုအဖွဲ့က အသိအမှတ်ပြုပြောကြားခဲ့သည်။


TOMPKINS COUNTY

CITY OF ITHACA N.Y.
INCORPORATED 1888

P E